ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့ (17-5-2012) (၇၁၂၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
နော်ဝေးနိုင်ငံ ဘုရင်မင်းမြတ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော်　မေ　၁၇

၂၀၁၂ ခုနှစ် မေ ၁၇ ရက်တွင် ကျရောက်သည့် နော်ဝေးနိုင်ငံ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ နော်ဝေးနိုင်ငံ ဘုရင်မင်းမြတ် ပဉ္စမမြောက် ဟာရယ်လ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
နော်ဝေးနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော်　မေ　၁၇

၂၀၁၂ ခုနှစ် မေ ၁၇ ရက်တွင် ကျရောက်သည့် နော်ဝေးနိုင်ငံ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ နော်ဝေးနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျန်း(စ်)စတိုလ်တန်ဘတ်ခ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ
တူရကီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မူရတ် ရာဘုစ် အက်တီစ် ၎င်း၏ ခန့်အပ်လွှာပေးအပ်

နေပြည်တော်　မေ　၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ မူရတ် ရာဘုစ် အက်တီစ်သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မူရတ် ရာဘုစ် အက်တီစ်နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ
ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖိစနု ဆုဝဏ္ဏချုတ် ၎င်း၏ ခန့်အပ်လွှာပေးအပ်

နေပြည်တော်　မေ　၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဖိစနု ဆုဝဏ္ဏချုတ်သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖိစနု ဆုဝဏ္ဏချုတ်အား နေပြည်တော်ရှိ သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၁၇-၅-၂၀၁၂[ကြာသပတေးနေ့]။

ပုံရိပ်ကောင်းမှ နိုင်ငံကောင်းမည်

ရှေးအဆိုတစ်ခု ကြားဖူး၏။

'မြင်းခွာမှ သံတစ်ချောင်းကျွတ်လျှင် မြင်းခွာကျွတ်၍ ပျောက်တတ်၏'

'မြင်းခွာတစ်ဖက်ကျွတ်လျှင် ထိုမြင်းသည် ခရီးတွင်အောင်မသွားနိုင်တော့ဘဲ ခရီးလမ်းပျောက်တတ်၏'

'ထိုလမ်းခရီးပျောက်လျှင် ထိုမြင်းမှသယ်ဆောင်သွားရမည့် အရေးကြီးသတင်းလည်း လိုရာခရီးသို့ မရောက်တော့ဘဲ သတင်းပျောက်တတ်၏'

'အဆိုပါသတင်း မရောက်တော့သဖြင့် လုပ်ရမည့်လုပ်ငန်းကြီးလည်း ဆုံးရှုံးတတ်ရ၏' ဟူ၍ ဆိုထားဖူးပါသည်။ ထိုနည်းတူ အကြောင်းအရာကိစ္စတစ်ခုသည် သာမန်အသေးအဖွဲ့ အမှုကိစ္စ၊ သာမန်အသေးအဖွဲ့ တာဝန်ရှိမှုဟု ယူဆပြီး ထိုအရာ၊ ထိုသူ၏ ပေါ့ဆမှုတစ်ခုကြောင့် လုပ်ငန်းကြီးတစ်ခု၊ အမှုကိစ္စကြီးတစ်ခု ပျက်သုဉ်းရမည့်အခြေအနေသို့ ရောက်တတ်သည်ကို ဆိုလိုခြင်းဖြစ်ပါသည်။

မျက်မှောက်ကာလ နိုင်ငံကို ခေတ်စနစ်နှင့်အညီ တိုးတက်ကောင်းမွန်ဖွံ့ဖြိုးအောင် မဟာဗျူဟာများ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်နေသောအခါကာလတွင်လည်း သာမန်အဆင့်မျှသာ မှတ်ယူနိုင်သည့်အသေးအဖွဲ့ကိစ္စ၊ အသေးအဖွဲ့တာဝန်ယူမည့်သူတို့သည် ထိုလုပ်ငန်းကိုင်ငန်းကိစ္စတို့ကို သေးငယ်သော ကိစ္စဟုသာ သဘောထားပြီး ပေါ့ပေါ့ဆဆ အလေးမမူ ပြုမူပြောဆိုလုပ်ကိုင်ဆောင်ရွက်မိပါက ထိုအမှုကိစ္စလေးမှအစပြု၍ ကြီးမားသောရည်မှန်းချက်ကြီးအထိပင် ပျက်သုဉ်းတတ်သည်ကို အလေးဂရုပြု နားလည်ထားရမည်ဖြစ်သည်။

အဓိကအားဖြင့် အများပြည်သူတို့နှင့်ထိတွေ့ဆက်ဆံရသော လုပ်ငန်းနယ်ပယ်အသီးသီးတွင် အောက်ခြေပိုင်းမှ လုပ်ငန်းအသေးလေးပင်ဖြစ်သော်လည်း တစ်ဦးချင်း၊ တစ်ယောက်ချင်း ချွတ်ချော်ခြင်းမှ နောက်ဆုံးတွင် လုပ်ငန်းတစ်ခုလုံး ထိခိုက်နစ်နာရသည့်အဖြစ်သို့ ရောက်တတ်သဖြင့် အရာရာကို ကြိုတင်မြော်တွေး၍ မိမိ၏စိတ်ဆန္ဒကိုချိုးနှိမ်ပြီး လုပ်ငန်းအကျိုး၊ အများအကျိုးတို့ကို ရှေးရှုဆောင်ရွက်သင့်ကြပေသည်။

မကြာသေးမီကာလကပင် နိုင်ငံတော်အကြီးအကဲနှင့် ဒုတိယအကြီးအကဲတို့က ပြုပြင်ပြောင်းလဲမှုများကို လက်တွေ့ကျကျလုပ်ဆောင်ကြရန် မှာကြားသွားခဲ့ပေသည်။ လက်တွေ့တွင် အချို့အပိုင်း၌ ပြုပြင်ပြောင်းလဲမှုတို့ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော်လည်း ကဏ္ဍအတော်များများတွင် ယခင်မူ ယခင်အကျင့် ယခင်စိတ်ဓာတ်များအတိုင်း ဆက်လက်ပြုမူနေဆဲဖြစ်သည်ကို တွေ့ရသည်။ လူသည် မိမိအကျင့်စရိုက်များကို စွန့်လွှတ်ရန် ခဲယဉ်းသည်မှန်သော်လည်း လက်ရှိအနေအထားအရ မဖြစ်မနေပြောင်းလဲကြရန်သာဖြစ်သည်။

ပြောင်းရန်ပြင်ရန်ဆိုသည်တို့မှာ တစ်ဦးချင်း တစ်ယောက်ချင်းမှသည် အားလုံးလိုက်ပါပြောင်းလဲကြရန်ဖြစ်သည်။ တစ်ဦးချင်း တစ်ယောက်ချင်းအလိုက် မိမိကိုယ်ကို ပြောင်း၊ မပြောင်း ဆင်ခြင်သုံးသပ်ရန်လည်း လိုမည်ဖြစ်သည်။ မိမိပြောင်းနေပြီလား၊ မပြောင်းသေးဘူးလားဟူသည်တို့ကို မိမိကိုယ်တိုင်မိမိကိုပင် မေးခွန်းထုတ် ဆန်းစစ်ဖို့လိုမည် ဖြစ်သည်။ ကျိုးနေသော ခေါက်ရိုးကိုဆန့်အောင် ပြုလုပ်ရသည်မှာ မလွယ်ကူသည်မှန်သော်လည်း မဆန့်ဆန့်အောင် ပြုလုပ်ကြရတော့မည်သာဖြစ်သည်။

နိုင်ငံ့ဂုဏ်သိက္ခာသည် အများ၏ပုံရိပ်ပင်ဖြစ်သည်။ ပုံရိပ်ကောင်းမှ နိုင်ငံ့ဂုဏ်သိက္ခာတက်မည်ဖြစ်သည်။ အများစုညှိုးနွမ်းစိတ်ပျက်နေလျှင် ပုံရိပ်ကောင်းထွက်မည်မဟုတ်ဘဲ ရည်မှန်းချက်ပျောက်မည်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်၏ ချို့ယွင်းချက်သည် သာမန်မျှသာဖြစ်သော်လည်း တစ်ချိန်တွင် အဆောက်အအုံကြီးတစ်ခုလုံး ထိခိုက်နစ်နာရသည့်အဖြစ်သို့ ရောက်တတ်ပေသည်။ အထူးသဖြင့် အများနှင့်ဆက်ဆံရာတွင် ဦးစွာ ဆက်ဆံရေးကောင်းဖို့လိုအပ်ပေသည်။ ဆက်ဆံရေးမကောင်းလျှင် အများ၏ အမြင်မကြည်လင်မှုဖြစ်ခြင်းဟူသည့် ပုံရိပ်မကောင်းခြင်းကို ရရှိမည်ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့ကဲ့သို့ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသောကာလတွင် နိုင်ငံ့ပုံရိပ်ကောင်းရရှိစေရန်အတွက် တစ်ဦးချင်း တစ်ယောက်ချင်းအလိုက် လုပ်နည်းကိုင်နည်းတို့သာမက ရှေးဦးအရေးပါသော စိတ်နေစိတ်ထားအမူအကျင့်များကိုပါ မဖြစ်မနေပြောင်းလဲကြဖို့လိုပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၁၇

၂၀၁၂ ခုနှစ် မေ ၁၇ ရက်တွင်ကျရောက်သည့် နော်ဝေးနိုင်ငံ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဂျိုးနက်စ် ဂါးစတိုးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဗြိတိန်သံအမတ်ကြီးနှင့် ဂျပန်နိုင်ငံ JETRO ဌာနချုပ်မှ ကိုယ်စားလှယ်အဖွဲ့တို့ သီးခြားစီတွေ့ဆုံ

နေပြည်တော် မေ ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Richard Heyn သည် ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန၌ တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ဗြိတိန်နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား ဂျပန်နိုင်ငံ JETRO ဌာနချုပ်မှ Mr. Masaki Takahara နှင့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး၊ ပို့ကုန်ပစ္စည်းများ၏ အရည်အသွေးတိုးတက်ရေး၊ Value Added ပို့ကုန်များ ပိုမိုထုတ်လုပ်တင်ပို့နိုင်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Richard Heyn လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဖွံ့ဖြိုးရေးအကူအညီအစီအစဉ်အဖြစ် ဘုန်းတော်ကြီးသင်ကျောင်းများသို့ လှူဒါန်း

ရန်ကုန် မေ ၁၆

ပိုလန်နိုင်ငံ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်နှင့် မင်္ဂလာမြန်မာတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပထမအကြိမ်ကိုယ့်အားကိုယ်ကိုး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအား သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို မေ ၁၀ ရက်က ရန်ကုန်မြို့ လှိုင်မြို့နယ် ဖြူးစာသင်ကျောင်းလမ်းရှိ ကြံခင်းပရိယတ္တိစာသင်တိုက်၌ ပြုလုပ်ခဲ့သည်။

ဘုန်းတော်ကြီးသင် စာသင်ကျောင်းများရှိ ဆင်းရဲနွမ်းပါးသည့်ကလေးသူငယ်များ၏ အခြေခံပညာရေးလိုအပ်ချက်များနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် သောက်သုံးရေသန့်ရရှိရေး အသိပညာပိုမိုမြင့်မားလာစေရန် ရည်ရွယ်ပေးလှူခြင်းဖြစ်သည်။ သင်ထောက်ကူပစ္စည်းများကို လှိုင်မြို့နယ်ရှိ ကြံခင်းဘုန်းတော်ကြီးကျောင်း၊ ကမာရွတ်မြို့နယ်ရှိ အောင်မြေသာစည် ဘုန်းတော်ကြီးကျောင်း၊ ဘုရားသုံးဆူ ဘုန်းတော်ကြီးကျောင်းနှင့် မြတ်လေးရုံ ဘုန်းတော်ကြီးကျောင်းများသို့ ပေးအပ်လှူဒါန်းသွားမည်ဖြစ်သည်။

ပိုလန်နိုင်ငံ ပိုလန်ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အဖြစ် ယခင်နှစ်မှစတင်ပြုလုပ်ခဲ့ရာ ယခု ဒုတိယနှစ်အဖြစ်လာရောက်၍ ပေးလှူခြင်းဖြစ်သည်။ ဆက်လက်၍လည်း အရေးပေါ်လူနာတင်ယာဉ်များ(Emergency Vehicle)အား ပေးလှူခြင်းစီမံကိန်းကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၆ - ၅ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၃၁. ၀၀၀	၀. ၀၀၁၂၀
ထိုင်း (ဘတ်)	၃၁. ၄၃၃၈	၀. ၀၃၁၈၁
တရုတ် (ယွမ်)	၆. ၃၂၂၉၆	၀. ၁၅၈၁၅
အိန္ဒိယ (ရူပီး)	၅၄. ၄၁၅၀	၀. ၀၁၈၃၈
မလေးရှား (ရင်းဂစ်)	၃. ၁၁၈၃၀	၀. ၃၂၀၆၉
စင်ကာပူ (ဒေါ်လာ)	၁. ၂၆၇၁၈	၀. ၇၈၉၁၅
ဂျပန် (ယန်း)	၈၀. ၄၈၄၃	၀. ၀၁၂၄၂
တောင်ကိုရီးယား(ဝမ်)	၁၁၆၆. ၁၂	၀. ၀၀၀၈၆
ယူရို	၀. ၇၈၅၀၀	၁. ၂၇၃၈၉
ဗြိတိသျှ (ပေါင်)	၀. ၆၂၈၃၆	၁. ၅၉၁၄၅

အင်တာနက်။

အ ရိပ် နေ ခက် ချိုး ကိုင်း ကျိုး ရွက် မ စည်

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၇–၅–၂၀၁၂ (ကြာသပတေးနေ့)

၇း၀၅	တရားတော်		(အပိုင်း-၅၁)
၈း၁၅	ဇာတ်လမ်းတို	၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၃၆)**
၄း၂၀	ဇာတ်လမ်းတို		
၄း၄၀	မွေးမြူသုတ		
၅း၀၀	သာယာသီကြွေး ခေတ်ဆန်းတေး	၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -အနုပညာရှင်၏တစ်နေ့တာ -ကုန်သွယ်သုတ **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရိုက်အရာ"(အပိုင်း-၁၄)**
၅း၂၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမေ့အပြုံး (အပိုင်း-၄)		**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သမုဒယနှောင်ကြိုး" (အပိုင်း-၂၉)**
၆း၃၀	ထူးဆန်းထွေလာ မျက်လှည့်ပညာ		
၆း၄၅	ကာတွန်းအစီအစဉ် -စူပါဟမ်းစတား		

နည်းပညာသတင်း

ပထမဆုံးတီထွင်ထုတ်လုပ်သည့် မြန်မာစာစနစ်သုံး ကွန်ပျူတာကျောက်သင်ပုန်း

မြန်မာနိုင်ငံအတွင်း၌ စီးပွားရေးလုပ်ငန်းအခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာသည့်အချိန်တွင် ပြည်တွင်းရှိ ပုဂ္ဂလိကဘဏ်များ၏ ဘဏ်လုပ်ငန်းစနစ်ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍ၌ ခေတ်မီဆက်သွယ်ရေးနည်းပညာများစဉ်ဆက်မပြတ် တိုးတက်လာစေရန် ရည်ရွယ်၍ ကျင်းပသည့် မြန်မာနိုင်ငံတွင် ပထမဆုံးတီထွင်ထုတ်လုပ်သည့် မြန်မာစာလက်ရေးမူစနစ်သုံး ကျောက်သင်ပုန်းနှင့် ဘဏ်သုံးစက်ပစ္စည်းများပြပွဲကို မေ ၁၄ ရက် နံနက်ပိုင်းက ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံဘဏ်များ အသင်း၌ ကျင်းပသည်။

အဆိုပါပြပွဲတွင် စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးဖြစ်သည့် Unicode Font စနစ်သုံး ကွန်ပျူတာဖြင့် တွဲဖက်အသုံးပြုရသော မြန်မာလက်ရေးမူကျောက်သင်ပုန်းမှာ မြန်မာပြည်သူများအတွက် အလွန်အသုံးတည့်စေမည့် နည်းပညာသုံးပစ္စည်းသစ်တစ်မျိုးဖြစ်ပြီး အကျိုးပြုစေမည့်ပစ္စည်းတစ်မျိုးလည်း ဖြစ်သည်။ မြန်မာလက်ရေးမူစနစ်ကျောက်သင်ပုန်းမှာ မိမိကိုယ်မိမိ အလိုအလျောက်လေ့လာသင်ကြားမှုပြုနိုင်ရန်အတွက် စက်ရုပ်ပညာဖြင့်တီထွင်သော ပစ္စည်းဖြစ်သည်။ မိမိ၏လုပ်ငန်းခွင်နှင့် မြန်မာစာဖြင့်ရုံးလုပ်ငန်းသုံးစာများ စာပေးစာယူပြုလုပ်ရာတွင်လည်း အလွန်အထောက်အကူဖြစ်စေသည်။ ၎င်းအပြင် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရာတွင် စက္ကူပေါ်၌ စာရေးပြသကဲ့သို့လည်း သုံးစွဲနိုင်သည်။ ဤကျောက်သင်ပုန်းမှာ ကွန်ပျူတာရိုက်ရာတွင် မြန်မာစာလက်ကွက်များကို ကျွမ်းကျင်စွာအသုံးမပြုနိုင်သူများအတွက် အလွန်အသုံးတည့်တန်ဖိုးရှိသော နည်းပညာပစ္စည်းသစ်တစ်မျိုးဖြစ်သည်။**(အောက်ပုံ)**

အဆိုပါ ပထမဆုံးတီထွင်သော မြန်မာစာလက်ရေးမူစနစ် ကျောက်သင်ပုန်းနှင့် ဘဏ်လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ငွေထုတ်ပုံးစက်၊ နိုင်ငံခြားငွေ အတု အစစ်ခွဲစက်၊ ငွေရေတွက်စက်၊ ငွေရေတွက်စစ်ဆေးစက်၊ နိုင်ငံခြားငွေစစ်စက်များကို ရောင်စုံရတနာကုမ္ပဏီလီမိတက်မှ ပြသပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

သတင်းနှင့် စာနယ်ဇင်းဆရာများ လွတ်လပ်စွာဖော်ထုတ်ခွင့် (Freedom of Expression) ကို ရရှိကြမည်ဖြစ် ဥပဒေနှင့်အညီ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိလာသည့် ဂျာနယ်လစ်များက စာနယ်ဇင်းကျင့်ဝတ်ကို တိကျစွာ လိုက်နာစောင့်ထိန်း

ရန်ကုန် မေ ၁၆

၂၀၁၁ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီ၊ ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ၊ ပခုက္ကူဦးအုံးဖေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့နှင့် ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီများမှ တာဝန်ရှိသူများ၊ ဆုရရှိကြသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာ၌ ပခုက္ကူဦးအုံးဖေတည်ထောင်သော စာပေဆုချီးမြှင့်ပွဲကို စတင်ကျင်းပသည့် အချိန်ကစပြီး ပခုက္ကူနှင့် ရန်ကုန်တွင် တစ်လှည့်စီကျင်းပရန် စီစဉ်ထားခဲ့ကြောင်း။

ယခု ၂၀၁၁ ခုနှစ်အတွက် အလှည့်ကျဖြစ်သည့် ရန်ကုန်မြို့၌ကျင်းပရခြင်းဖြစ်ပါကြောင်း၊ "ပခုက္ကူဦးအုံးဖေစာပေဆု" မှ "ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု" ဟု ယခင်နှစ်ကစ၍ စတင်ပြောင်းလဲသတ်မှတ်လိုက်ပြီးနောက်ပိုင်း စာပေဆုရန်ပုံငွေ တိုးပွားရေးအတွက် ပံ့ပိုးကူညီကြသည့်၊ အလှူငွေလှူဒါန်းကြသည့် ပုဂ္ဂိုလ်များ၊ ပခုက္ကူမြို့မှ စေတနာရှင်များကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။ များကိုလည်း အလေးထားဖို့လိုကြောင်း" မိန့်ကြားသွားခဲ့ကြောင်း၊ ထိုသည်မှာ နိုင်ငံတော်အစိုးရ၏ သတင်းမီဒီယာများအပေါ် ထားရှိသည့် ရပ်တည်ချက်သဘောထားပင် ဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ အပိုဒ်ခွဲ(က)အရ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိကြရမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် သတင်းနှင့် စာနယ်ဇင်းဆရာများ၊ ဂျာနယ်လစ်များသည် လွတ်လပ်စွာဖော်ထုတ်ခွင့်(Freedom of Expression)ကိုရရှိကြမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဥပဒေနှင့်အညီ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိလာကြသည့် ဂျာနယ်လစ်များကလည်း စာနယ်ဇင်းကျင့်ဝတ်ဟုခေါ်သည့် (Code of Ethics)ကို တိကျစွာ လိုက်နာစောင့်ထိန်းကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ လွတ်လပ်မှုကို ကျင့်ဝတ်မြင့်တင် ထိန်းသိမ်းခြင်းဖြင့် စောင့်ရှောက်သွားကြရမည် ဖြစ်ကြောင်း။

ထို့ကြောင့် စာပေလောကသားများအနေဖြင့် မိမိတို့ ကိုင်စွဲနေသည့် စစ်မှန်သော

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၁ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

တစ်ဆက်တည်းပြောကြားလိုသည်မှာ ပြန်ကြားရေးဝန်ကြီးဌာနက နှစ်စဉ်ချီးမြှင့်နေသည့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများအပြင် စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေလောကသားများဘဝ တိုးတက်ရေးကို ရှေးရှုပြီး အခြား ပုဂ္ဂလိကစာပေဆုများဖြစ်သော ဆရာဝန်တင်ရွှေစာပေဆု၊ သုတစွယ်စုံစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု စသည်ဖြင့် ချီးမြှင့်ပေးလျက်ရှိကြောင်း၊ ယခုနှစ်အတွင်း ထပ်မံချီးမြှင့်နိုင်ခဲ့သည့် ဆုအမျိုးအစားတစ်ခုမှာ မီဒီယာလောကသားများအတွက် အားတက်ဝမ်းမြောက်ဂုဏ်ယူစရာဖြစ်သည့် "အမျိုးသားသတင်းဆု"ပင် ဖြစ်ကြောင်း။

ပြီးခဲ့သည့် ၂၉-၁၂-၂၀၁၁ ရက်က ကျင်းပခဲ့သည့် အမျိုးသားစာပေဆုနှင်းသဘင်ပွဲတွင် တစ်နှစ်တာအတွင်း ထွက်ရှိသည့် မြန်မာစာပေနှင့် ရေးသားထုတ်ဝေသော စာအုပ်များအပြင် မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့အနုပညာကို ကမ္ဘာက သိအောင် ဖော်ထုတ်တင်ပြသည့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော စာအုပ်ကိုပါ ရွေးချယ်ဆုချီးမြှင့်နိုင်ခဲ့ကြောင်း၊ စာပေဗိမာန်စာမူဆုမှာလည်း ယခုနှစ်ကစပြီး အင်္ဂလိပ်ဘာသာဖြင့် ပြုစုရေးသားပေးပို့ယှဉ်ပြိုင်သည့်စာမူဆုကို စိစစ်ရွေးချယ် ဆုပေးနိုင်တော့မည်ဖြစ်ကြောင်း။

မျက်မှောက်ကာလသည် မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ကြိုးပမ်းတည်ဆောက်နေသည့်အချိန်အခါဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ပခုံးချင်းယှဉ် ရင်ပေါင်တန်းနိုင်ရန် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေသည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ပြည်သူများအတွက် အသိပညာဖွံ့ဖြိုးတိုးတက်ရန်နှင့် အတွေးအခေါ် ခံယူချက်များ၊ ယုံကြည်ယူဆချက်များ မှန်ကန်အောင်၊ အမျိုးသားအကျိုးစီးပွား တိုးတက်ခိုင်မာအောင် အမျိုးသားရေးကိုရှေးရှုသည့်စာပေများ များစွာပေါ်ထွက်လာရန်လိုကြောင်း၊ ယင်းသို့ ပေါ်ထွက်လာရန်အတွက် စာပေပညာရှင်များ၊ စာပေဝါသနာရှင်များနှင့် စာပေစေတနာရှင်များ၏အားဖြင့် ဝိုင်းဝန်းလက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

၂၀၁၁ ခုနှစ် မတ် ၃၀ ရက်နေ့တွင် တပ်မတော်အုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီစနစ်ဖြင့် ပြည်သူအများက ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များက တိုင်းရေးပြည်ရာများကို ပြည်သူများကိုယ်စား စီမံခန့်ခွဲသောစနစ်သို့ ညင်သာစွာ ကူးပြောင်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့အတူ စတုတ္ထမဏ္ဍိုင်ကိုလည်း ကျင့်ဝတ်နှင့်အညီ လွတ်လပ်မှုနှင့် တာဝန်ယူမှုရှိသော၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားရှိသော မဏ္ဍိုင်တစ်ခုဖြစ်လာရေး ဖြေလျှော့မှုများပြုလုပ်ပေးပြီး အားပေးဆောင်ရွက်လျက်ရှိကြောင်း။

၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် သမ္မတကြီး ဦးသိန်းစိန်က အစိုးရအဖွဲ့၏ မူဝါဒဆိုင်ရာမိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ရာတွင်လည်း စတုတ္ထမဏ္ဍိုင် သတင်းမီဒီယာနှင့်ပတ်သက်ပြီး "စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာနယ်ဇင်းများ၏ အခန်းကဏ္ဍကို အလေးထားရန်လိုကြောင်း၊ စာနယ်ဇင်းများကတစ်ဆင့် ပြည်သူများ သိသင့်သည့်အချက်များကို အသိပေးသွားရန်လိုသကဲ့သို့ စာနယ်ဇင်းများက အပြုသဘောဆောင် အကြံပြုချက် စတုတ္ထမဏ္ဍိုင်အဖြစ် ဆောင်ရွက်နိုင်ရေးအတွက် (၁) ဘက်မလိုက်ရန်၊ (၂) ပြဿနာတစ်ရပ်၊ အကြောင်းအရာတစ်ရပ်ကို ရေးသားဖော်ပြသည့်အခါ ရှုထောင့်တစ်ခုတည်းက ရေးသားခြင်းမပြုဘဲ ဘက်စုံထောင့်စုံရှုထောင့်စုံက ရေးသားဖော်ပြရန်၊ (၃) ယင်းသို့ ရေးသားဖော်ပြသည့်အခါ လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားကို ယှဉ်တွဲကျင့်သုံးရန်၊ (၄) ဒီမိုကရေစီသဘောအရ လွတ်လပ်စွာတွေးခေါ်ခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်နှင့် လွတ်လပ်စွာသဘောထားကွဲပြားခွင့်ရှိကြမည်ဖြစ်ကြောင်း၊ ယင်းသို့ လွတ်လပ်စွာတွေးခေါ်၊ လွတ်လပ်စွာရေးသား၊ လွတ်လပ်စွာပြောဆို၊ လွတ်လပ်စွာသဘောထားကွဲပြားခွင့်ကြားက တိုင်းပြည်နှင့်လူမျိုးအကျိုးကို ဖော်ဆောင်နိုင်ရန် ညီညွတ်မှုကို ဦးတည်ကြရမည်ဖြစ်ကြောင်း၊ Unity in Democracy ကို တည်ဆောက်ကြရမည် ဖြစ်ကြောင်း၊ (၅)ယင်းသို့ တည်ဆောက်ကြရာတွင် ဘုံရပ်တည်ချက်အဖြစ် အမျိုးသားရေးကို အခြေခံရမည်ဖြစ်ကြောင်း။

ယခုဆိုလျှင် မိမိတို့နိုင်ငံ၏ သတင်းမီဒီယာကဏ္ဍတိုးတက်ပြောင်းလဲလျက်ရှိကြောင်း၊ သတင်းလွတ်လပ်ခွင့်များကိုလည်း တစ်ဆင့်ချင်းတိုးတက်ခွင့်ပြုပေးလျက်ရှိကြောင်း၊ မကြာခင်ကာလတွင် အများ လိုလားတောင့်တလျက်ရှိသည့် စာနယ်ဇင်းကောင်စီ (Press Council) ဖွဲ့စည်းပေါ်ပေါက်လာတော့မည် ဖြစ်ကြောင်း၊ ယင်းသို့ ဖွဲ့စည်းပေါ်ပေါက်လာသည့်အခါတွင် စာနယ်ဇင်းလောကသားများ၏ စာပေရေးသားဆောင်ရွက်မှုကို စာနယ်ဇင်းကောင်စီက စာနယ်ဇင်းကျင့်ဝတ်နှင့်အညီ ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ထို့အပြင် မီဒီယာဆိုင်ရာဥပဒေများလည်း မကြာမီ ပြဋ္ဌာန်းပေးလာနိုင်တော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သတင်းမီဒီယာလောကသားများ မျှော်လင့်ထားသည့်၊ ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေဖြစ်သည့် လွတ်လပ်မျှတပြီး ကျင့်ဝတ်နှင့်ညီသော သတင်းမီဒီယာခေတ်သစ်ကို ကူးပြောင်းရောက်ရှိတော့မည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါကဲ့သို့ အဘက်ဘက်က တိုးတက်အောင် လုပ်ဆောင်နေသည့် အချိန်မျိုးတွင် နိုင်ငံတကာနှင့် တန်းတူရည်တူ ပခုံးချင်းယှဉ်နိုင်အောင် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မြင့်မားစေရန် ဘက်စုံအားထုတ်ကြိုးပမ်းကြရာတွင် ပြည်သူများအတွက် နည်းပညာ အသိပညာ ဖွံ့ဖြိုးတိုးတက်စေရန် စိတ်ဓာတ်မြင့်မားစေရေး၊ ပညာပေးအလင်းပြ အမျိုးသားရေးအနှစ်သာရ ပြည့်ဝသည့် တိုင်းကျိုးပြည်ပြုစာပေများ ရေးသားပြုစုရေးသည် ယနေ့ စာပေပညာရှင်များ၏ လက်ငင်းတာဝန်အဖြစ် ခံယူကြရမည်ဖြစ်ကြောင်း။

ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုများကို ၁၉၉၃ ခုနှစ်ကစပြီး ရွေးချယ်ချီးမြှင့်ခဲ့သည်မှာ ယခုဆိုလျှင် (၁၉)ကြိမ်မြောက် ရှိခဲ့ပြီဖြစ်ကြောင်း၊ ယင်း (၁၉)နှစ်အတွင်း ယှဉ်ပြိုင်သည့် ဘာသာရပ်ငါးမျိုး၌ ဆုဆွတ်ခူးနိုင်သူဦးရေလည်း ၂၂၅ ဦးရှိခဲ့ပြီဖြစ်ကြောင်း၊ ပခုက္ကူဦးအုံးဖေ စာမူဆုရပြီးနောက် စာအုပ်အဖြစ် စာဖတ်သူတို့လက်ထဲကိုရောက်အောင် စာပေဗိမာန်က နှစ်အလိုက် ပုံနှိပ်ထုတ်ဝေနေကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ကဗျာပေါင်းချုပ် ပထမဆုရ "သစ္စာငှက်များ မိုးသို့တိုင် ကဗျာများ" ရေးသားသူ မြေလတ်မင်းလွင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့အပြင်လည်း ပခုက္ကူစာပေဆုများ၌ အကျုံးဝင်ပြီး ထူးခြားသည့် ဆုတစ်ခုမှာ စာပေလုပ်ငန်းအပေါ် အာရုံပြုပြီး နှစ်ပေါင်းများစွာ တစ်ဆက်တစ်စပ်တည်း ရေးသားလာခဲ့သည့် စာပေပညာရှင်ကြီးအတွက် ပခုက္ကူဦးအုံးဖေ "တစ်သက်တာစာပေဆု" ဟု တီထွင်ချီးမြှင့်ထားခြင်းဖြစ်ကြောင်း၊ ယခုနှစ်အပါအဝင် စာပေပညာရှင်ကြီး ၂၂ ဦး အထိကို ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုဖြင့် အသိအမှတ်ပြုချီးမြှင့်နိုင်ခဲ့ပြီ ဖြစ်ကြောင်း။

ထို့အတူ တက္ကသိုလ်ဝင်တန်း၌ မြန်မာစာထူးချွန်သူ လေးဦး၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ထူးချွန်သည့် ပညာသင်ဆုရသူနှစ်ဦး၊ ပညာရေးဘာသာရပ်ငါးမျိုး၌ နှစ်စဉ်အမှတ်အများဆုံးဖြင့် ဘာသာရပ်အလိုက် ထူးချွန်သူများကို ချီးမြှင့်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၁၅ ဦးတို့လည်း ဆုလက်ခံကြရမည်ဖြစ်ကြောင်း၊ ယင်းဆုများကို ပညာရေးဝန်ကြီးဌာန ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု ရန်ပုံငွေအဖွဲ့က စိစစ်ရွေးချယ်ပေးခြင်းဖြစ်ကြောင်း။

အမှန်စင်စစ် ယနေ့ စာပေဆုအခမ်းအနားသည် နိုင်ငံတော်၏ လူသားစွမ်းရည်မြှင့်တင်ရေးနှင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှု၌ ပဓာနကျအထောက်အကူဖြစ်စေကြောင်း၊ စာပေနှင့်ပညာရေးကဏ္ဍနှစ်ရပ်ကို စည်ပင်ဖွံ့ဖြိုးပွားများနေစေရန် ဆောင်ရွက်နေသည့် နိုင်ငံတော်၏လုပ်ငန်းကို အားပေးရာရောက်သည့် အခမ်းအနားတစ်ရပ်လည်း ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အမျိုးသားရေးနှင့်စပ်ဆိုင်သည့် မြန်မာ့လူနေမှုဘဝကို ခိုင်မာဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံနှင့်ပြည်သူများ၏ ပေါင်းစပ်အားထုတ်မှုကို ဂုဏ်ယူရမည့် အခမ်းအနားလည်း ဖြစ်ကြောင်း၊ တက်ရောက်လာသည့် စာပေပညာရှင်များကလည်း ယခုကဲ့သို့ အမျိုးသားရေးအစဉ်အလာကောင်းများကို အရှိန်အဟုန်မြင့်မားစေရန်၊ အမျိုးသားစာပေလက်ရာများ ကြွယ်ဝစေရန်၊ အမျိုးသားလူမှုဘဝ ခိုင်မာလာစေရန် ကျရာကဏ္ဍက ပါဝင်ပြီး အသိစိတ်ဓာတ်ဖြင့် မဆုတ်မနစ် စွမ်းဆောင်အားပေးကြပါဟု မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၁ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ စာရေးဆရာကြီး ဦးမောင်မောင်ခင်(တက္ကသိုလ်မောင်မောင်ခင်)၊ ကဗျာပေါင်းချုပ် ပထမဆုရ "သစ္စာငှက်များ မိုးသို့တိုင် ကဗျာများ" ရေးသားသူ မြေလတ်မင်းလွင်၊ ကဗျာပေါင်းချုပ် ဒုတိယဆုရ "လတစ်စင်း ပန်းတစ်ခင်း အလင်းရန့်ကဗျာများ"ရေးသားသူ မောင်လွန်းမြိုင်(ပင်လယ်ဘူး)၊ ကဗျာပေါင်းချုပ် တတိယဆုရ "အဖေ မသေပါနှင့် အဖြူရောင်သစ္စာကဗျာများ" ရေးသားသူ မောင်နီမှိုင်း(ကျောက်တန်း)၊ ဝတ္ထုရှည် ပထမဆုရ "မြန်မာ့ဂုဏ်ရည်စိန်ထွန်းကြည်"ရေးသားသူ ပုသိမ်အောင်သန်းဦး၊ ဝတ္ထုရှည် ဒုတိယဆုရ "မလွမ်းရော့သော်ကော" ရေးသားသူ ညွန့်လူ၊ ဝတ္ထုရှည် တတိယဆုရ "ရေဆုံးရေဖျား" ရေးသားသူ ခင်လပြည့်ဝန်းတို့အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ "ရေပြာလမ်းနှင့် အခြားဝတ္ထုတိုများ" ရေးသားသူ နန္ဒာခင်(သက္ကလမြေ)၊ ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ "တွင်းကောက်ရှာသောမြွေများနှင့် အခြားဘဝရသဝတ္ထုတိုများ" ရေးသားသူ ကျွန်းစဉ်မြေ စောခက်၊ ကျမ်းစာပေ ပထမဆုရ "အင်းဆားရဲ့အင်းလေး"ရေးသားသူ မောင်မောင်ချစ်ဦး(မုံရွာ) တို့အား လည်းကောင်း၊ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်က သုတေသနစာပေ ပထမဆုရ "မြန်မာ့ရိုးရာ ရေနံလက်တွင်းတူးပညာ" ရေးသားသူ ဒေါက်တာယဉ်ယဉ်ထွန်း၊ သုတေသနစာပေ ဒုတိယဆုရ "စာသင်ကျောင်းကောင်း စုပေါင်းပျိုးထောင်" ရေးသားသူ မောင်ကျော်ကျော်(ကွင်းကောက်)တို့အား လည်းကောင်း၊ ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေက ၂၀၁၁ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆု ချီးမြှင့်ခံရသော "ဒီမိုကရေစီနိုင်ငံနှင့် စတုတ္ထမဏ္ဍိုင်"စာအုပ်ရေးသားသူ ခင်မောင်မြင့်(စစ်ကိုင်း)အား လည်းကောင်း၊ ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွန်း(ခင်မောင်ထွန်း-လမ်းမတော်)က

စာမျက်နှာ ၈ ကော်လံ ၅ သို့ ✳

ရုရှားလေယာဉ်မှ ရှာဖွေတွေ့ရှိခဲ့သည့် ပျံသန်းရေးမှတ်တမ်းတင်စက် အစိတ်အပိုင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရုရှားလေယာဉ်၏ ပျံသန်းရေးမှတ်တမ်းတင်စက်အစိတ်အပိုင်းတွေ့ရှိ

ဂျကာတာ မေ ၁၆

လွန်ခဲ့သော ရက်သတ္တပတ်က ရုရှားခရီးသည်တင် ဂျက်လေယာဉ်တစ်စင်းသည် သရုပ်ပြပျံသန်းပြနေစဉ် မီးတောင်ဘေးသို့ ပျက်ကျခဲ့ရာ လူ ၄၅ ဦးသေဆုံးခဲ့ကြောင်း၊ အဆိုပါ လေယာဉ်၏ ပျံသန်းရေးမှတ်တမ်းသေတ္တာ(Black Box) အစိတ်အပိုင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း မေ ၁၆ ရက်တွင် အင်ဒိုနီးရှားအာဏာပိုင်များက မေ ၁၆ ရက်တွင် ပြောကြားသည်။

ရှာဖွေယူဆောင်

လေယာဉ်မှူးနှင့် လေကြောင်းလမ်းပြတို့အကြား ပြန်လှန်ဆက်သွယ်ချက် မှတ်တမ်းဖြစ်သော လေယာဉ်မှူးအခန်းမှ အသံမှတ်တမ်းကို ရှာဖွေရေးသမားများက ရှာဖွေယူဆောင်ခဲ့ကြသည်ဟု အမျိုးသားရှာဖွေရေးနှင့် ကယ်ဆယ်ရေးအေဂျင်စီဉက္ကဌ မိုက်မာရှယ်ဒါယက်မိုက ပြောကြားသည်။

အဆိုပါအသံမှတ်တမ်းကို ဂျကာတာသို့ ယူဆောင်ပြီး စိစစ်ကြည့်မည်ဟု ၎င်းက ပြောကြားသည်။

ရုရှားနိုင်ငံ၏ အသစ်လွင်ဆုံးသော ခရီးသည်လေယာဉ် ဆူခွိုင်း-၁၀၀ စူပါဂျက်လေယာဉ်သည် မေ ၉ ရက်က ရေဒါမြင်ကွင်းမှ ပျောက်ကွယ်သွားပြီး ဆာလက်စ်မိတောင်စောင်းသို့ ပျက်ကျခဲ့ရာ ကယ်ဆယ်ရေးသမားများသည် အသက်ရှင်ကျန်ရစ်သူများကို မတွေ့ရှိကြပေ။

အမြင့်ပေ ၆၀၀၀ ရှိသော တောင်စောင်းတွင်ရှိသည့် လေယာဉ်အပျက်အစီးများကို သွားရောက်ယူရန် အခက်အခဲများရှိကြောင်း၊ အင်ဒိုနီးရှားနှင့် ရုရှားဘက်ဆိုင်ရာ တာဝန်ရှိသူများသည် လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းလျက်ရှိပြီး တိကျစွာ မသိရှိသေးကြောင်း စီအင်န်အင်န် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

စီအင်န်အင်န်။

အမေရိကန်-ကိုလံဘီယာနှစ်နိုင်ငံ ကုန်သွယ်မှု မြှင့်တင်ရေး သဘောတူညီမှု စတင်သက်ဝင်

ဝါရှင်တန် မေ ၁၆

အမေရိကန်နှင့် ကိုလံဘီယာနိုင်ငံတို့၏ ကုန်သွယ်မှုမြှင့်တင်ရေးသဘောတူညီချက်(တီပီအေ)သည် မေ ၁၅ ရက်မှစ၍ တရားဝင်စတင်သက်ဝင်ကြောင်း၊ နှစ်နိုင်ငံဈေးကွက်တွင် ကုန်သွယ်ရေးနှင့် စီးပွားရေး အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

တီပီအေ သဘောတူစာချုပ်ကြောင့် ကိုလံဘီယာသို့ တင်ပို့သော အမေရိကန်ပို့ကုန်များအနက် ၈၀ ရာခိုင်နှုန်းကျော်မှာ အခွန်လွတ်ဖြစ်သွားပြီး ကျန်အခွန်နှုန်းထားများကိုလည်း ၁၀ နှစ်ကျော်အတွင်း တစ်စတစ်စ လျှော့ချမည်ဖြစ်ကြောင်း အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးမှ တာဝန်ရှိသူက ပြောကြားသည်။

တီပီအေ စာချုပ်အရ အခွန်နှုန်းထားလျှော့ချခြင်းကြောင့် အမေရိကန်ပို့ကုန်ကဏ္ဍတစ်ခုတည်း၌ တစ်နှစ်လျှင် ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံကျော် တိုးမြင့်လာမည်ဖြစ်ကြောင်း သို့မဟုတ် အမေရိကန်၏ ပြည်တွင်းအသားတင် ထုတ်ကုန်(ဂျီဒီပီ)၌ နှစ်စဉ် ဒေါ်လာ ၂ဒသမ၅ဘီလီယံ မြင့်တက်လာမည်ဖြစ်ကြောင်း ခန့်မှန်းဖော်ပြထားသည်။

အဆိုပါ နှစ်နိုင်ငံ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ်ကို ဂျော့ဒဗလျူဘုရှ်လက်ထက်ကတည်းက ချုပ်ဆိုထားပြီးဖြစ်သည်။ အိုဘားမားအစိုးရလက်ထက်၌ ပြောင်းလဲမှုများကို ထပ်မံညှိနှိုင်းခဲ့ပြီး အလုပ်သမားထောက်ပံ့ကူညီရေးအစီအစဉ်နှင့် စပ်လျဉ်း၍ ရီပတ်ဘလီကန်အမတ်များနှင့် အငြင်းပွားခဲ့ရခြင်းကြောင့် ထိုသဘောတူစာချုပ် တရားဝင်သက်ဝင်ရန် ကြန့်ကြာခဲ့ရခြင်းဖြစ်သည်။ ကိုလံဘီယာနှင့် တီပီအေသဘောတူစာချုပ်ကို ယမန်နှစ် အောက်တိုဘာလတွင် အမေရိကန်လွှတ်တော်၌ အတည်ပြုခဲ့သည်။

အင်တာနက်။

မြေအောက်ဂိုဏ်းအဖွဲ့ဝင် အိန္ဒိယနိုင်ငံသားနှစ်ဦးအား အမေရိကန်အရေးယူထား

နယူးဒေလီ မေ ၁၆

အမေရိကန်နိုင်ငံသည် မူးယစ်မှောင်ခိုလုပ်ငန်းနှင့် အကြမ်းဖက်မှုတို့နှင့် ဆက်နွှယ်သော အိန္ဒိယနိုင်ငံသား မြေအောက်ဂိုဏ်းဝင် နှစ်ဦးပိုင်သည့် ကုမ္ပဏီများကို အရေးယူထားသည်ဟု အင်ဒိုအာရှသတင်းဌာနက မေ ၁၆ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ချောတာရှာကီလ်နှင့် အီဘရာဟင် တိုက်ဂါးမေမွန်တို့သည် အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တော်၌ ၁၉၉၃ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုတွင် အဓိက ကြိုးကိုင်သူအဖြစ် စွပ်စွဲခံထားရသူ မွမ်ဘိုင်းမြေအောက်လောကသား ဒါဝတ်ဒ်အီဘရာဟင်၏ ထိပ်တန်းလက်ထောက်များ ဖြစ်ကြသည်။ အဆိုပါ အကြမ်းဖက်မှုတိုက်ခိုက်မှုကြောင့် လူ ၂၅၀ကျော် သေဆုံးခဲ့သည်။ ၎င်းတို့နှစ်ဦးကို မူးယစ်မှောင်ခိုသမားများအဖြစ် အမေရိကန်ဘဏ္ဍာရေးဌာနက မေ ၁၄ ရက်တွင် သတ်မှတ်ခဲ့သည်။

ရှာကီလ်နှင့် မေမွန်တို့ နှစ်ဦးစလုံးသည် အိန္ဒိယနိုင်ငံသားများဖြစ်ကြပြီး ယခုအချိန်၌ ပုန်းရှောင်နေကြသည်ဟု သိရှိရသည်။

၎င်းတို့နှစ်ဦးသည် ကမ္ဘာပေါ်တွင် နာမည်ဆိုးဖြင့် အကျော်ကြားဆုံးသော ရာဇဝတ်မှုဆိုင်ရာ အဖွဲ့အစည်းအဖြစ် အမေရိကန်ဘဏ္ဍာရေးဌာနက သတ်မှတ်ထားသည့် ဒီကုမ္ပဏီအမည်ရှိ ဒုစရိုက်အဖွဲ့အစည်းနှင့် ပတ်သက်သူများဖြစ်သည်။ ယင်းရာဇဝတ်အဖွဲ့ကို ကွပ်ကဲစီမံသည့် ဒါဝတ်ဒ်အီဘရာဟင်မှာ ပါကစ္စတန်နိုင်ငံ၌ ပုန်းအောင်းနေသည်ဟု ယုံကြည်ရကြောင်း သတင်းတွင် ဖော်ပြထားသည်။

အင်တာနက်။

ကုန်သွယ်မှုမြှင့်တင်ရေးသဘောတူညီမှု စတင်သက်ရောက်ပြီးနောက် ကိုလံဘီယာနိုင်ငံမှ ပန်းများအမေရိကန်ဈေးကွက်သို့ လေကြောင်းခရီးဖြင့် စတင်တင်ပို့ရန် ပြင်ဆင်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယထိန်းချုပ်သည့်ကက်ရှ်မီးယားဒေသရှိ ကလေးဆေးရုံ၌ နို့စို့ကလေးငယ် ၄၁ဦးသေဆုံး

ဆရီနာဂါ မေ ၁၆

အိန္ဒိယနိုင်ငံက ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသရှိ ဂျီဘီပန့်တ်ကလေးဆေးရုံ၌ ရက်သတ္တနှစ်ပတ်အတွင်း နို့စို့ကလေးငယ် ၄၁ဦး သေဆုံးခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက မေ ၁၆ ရက်တွင် ပြောကြားသည်။

မေ ၁၄ရက်မတိုင်မီက မွေးကင်းစမှ တစ်နှစ်သားအရွယ် ကလေးငယ် ၃၂ဦးသေဆုံးပြီး မေ ၁၄ရက်တွင် ကိုးဦးထပ်မံ သေဆုံးကြောင်း အဆိုပါဆေးရုံမှ စာရင်းထုတ်ပြန်သည်။

ထိုကဲ့သို့ ကလေးငယ်များသေဆုံးမှု များပြားလာခြင်းသည် ဆေးရုံမှ တာဝန်ရှိသူများ၏ ပေါ့လျော့မှုကြောင့်ဖြစ်ကြောင်း ကလေးမိဘများက ပြစ်တင်ပြောကြားသည်။

သို့သော် ကလေးဆေးရုံမှ တာဝန်ရှိပုဂ္ဂိုလ်များက ထိုစွပ်စွဲပြစ်တင်မှုကို ငြင်းဆိုသည်။ ဆေးရုံသို့ အချိန်မီ ရောက်မလာဘဲ မရှုနိုင်မကယ်နိုင်ဖြစ်ကာမှ ရောက်ရှိလာကြခြင်းကြောင့်ဖြစ်ကြောင်း၊ မိမိတို့ ပေါ့ဆမှုကြောင့်မဟုတ်ကြောင်း၊ လောလောဆယ်၌၎င်းတို့ဆေးရုံတွင် ဆေးကုသမှုဆိုင်ရာ ဆေးနှင့်ပစ္စည်းကိရိယာများ၊စနစ်တကျလေ့ကျင့်ထားသော ဆေးဝန်ထမ်းရှားပါးပြတ်လပ်မှုပြဿနာနှင့် ရင်ဆိုင်နေရကြောင်း၊ ယင်းပြဿနာကြောင့် ကြီးမားသောဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် သေရေးရှင်ရေးပြဿနာများကို မိမိတို့ဘက်က ကိုင်တွယ်ဖြေရှင်းနိုင်မှု မရှိကြောင်း ကလေးဆေးရုံအုပ် ဒေါက်တာဂျေဗစ်ချောင်ဒရီက ပြောကြားသည်။ နို့စို့ကလေးများ သေဆုံးခြင်းအပေါ် စုံစမ်းစစ်ဆေးဖော်ထုတ်နိုင်ရန် ကက်ရှ်မီးယားဒေသ အကြီးအကဲက အမိန့်ထုတ်ပြန်ထားသည်။

ဆင်ဟွာ။

ကင်ညာနိုင်ငံတစ်ဝန်းတွင်ရေလွှမ်းမိုး ပြည်သူ ၁၀၀၀၀၀ ထက်မနည်း ရွှေ့ပြောင်းပေးရ

နိုင်ရိုဘီ မေ ၁၆

အရှေ့အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သော ကင်ညာတွင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရုတ်တရက်ရေ လွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိရာ ဒေသများစွာတွင် နေထိုင်လျက်ရှိသော ပြည်သူ ၁၀၀၀၀၀ ကျော်မှာ အိမ်ရာများအား ပစ်ပြေး၍ နေထိုင်နေကြရကြောင်း လူသားချင်းစာနာထောက်ထားမှုအေဂျင်စီက မေ ၁၆ ရက်တွင် ပြောကြားသည်။

သတိပေးနှိုးဆော်

ကင်ညာနိုင်ငံရှိ တာနာ၊ ညံဒိုနှင့် ဗိုဇီယာမြစ်သုံးစင်း၏ ကမ်းပါးတစ်လျှောက် မြေနိမ့်ဒေသများ၌ နေထိုင်ကြသူမိသားစုများအနေဖြင့် မိုးအဆက်မပြတ် ရွာသွန်းမှုဖြစ်စဉ်များဖြစ်ပေါ်နေသည့်အတွက် မြေမြင့်ဒေသများသို့ ပြောင်းရွှေ့နေထိုင်ကြရန် သတိပေးနှိုးဆော်မှုများ ပြုလုပ်ထားကြောင်း ကင်ညာကြက်ခြေနီအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး နယ်လီမူလူကူက ပြောကြားသည်။

ထိုစဉ်အတွင်း မိုးဆက်လက်ရွာသွန်းနေပါက စိုးရိမ်ဖွယ်ရာ အခြေအနေသို့ ရောက်ရှိလာနိုင်ကြောင်း မူလူကူက ပြောကြားသည်။

မြို့တော်နိုင်ရိုဘီတွင် မတ်လကတည်းက စတင်ရွာသွန်းသော မိုးကြောင့် ရေလွှမ်းမိုးကာ လူ ၅၀ကျော် သေဆုံးခဲ့ရကြောင်း၊ လမ်းများပေါ်သို့ သစ်ပင်များလဲကျကာ လမ်းပိတ်ဆို့မှုများ၊ ကားများပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း အေဂျင်စီက ပြောကြားသည်။

ဆင်ဟွာ။

ရှားပါး ဆူမားတြားဆင်သေတစ်ကောင် အင်ဒိုနီးရှားနိုင်ငံတွင်တွေ့ရှိ

ဂျကာတာ မေ ၁၆

မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ဆူမားတြားဆင်မျိုးများထဲမှ ဆင်တစ်ကောင် သေဆုံးနေသည်ကို အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်၌တွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများ မေ ၁၆ရက်တွင် ပြောကြားခဲ့သည်။ ၎င်းမှာ ဆူမားတြားမျိုးနွယ်ဝင်ဆင်များ တစ်လအတွင်း သံသယမကင်းဖွယ် အဆိပ်သင့်သေဆုံးမှုတွင် ဒုတိယမြောက်ဖြစ်စဉ်ဟုလည်းဆိုသည်။

အဆိုပါ ဆူမားတြားမျိုးနွယ်ဆင်သေကို အာချေးဂျာယာခရိုင်ရှိ မြစ်တစ်စင်းအတွင်း ရွာသူရွာသားများက မေ ၁၅ ရက်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ဆင်၏အစွယ်များမှာ ပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာ သစ်တောအရာရှိ အမာဒီကအေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

သတ်ဖြတ်

အင်ဒိုနီးရှားနိုင်ငံတွင် ရွာသားများအနေဖြင့် ၎င်းတို့၏ သီးနှံစိုက်ခင်းများကို ဝင်ရောက်ဖျက်ဆီးတတ်သည့် ဆင်သတ္တဝါများကို သတ်ဖြတ်လေ့ရှိသလို အမဲလိုက်သမားများကလည်း ဆင်စွယ်ကိုရယူလို၍ ဆင်များကို သတ်ဖြတ်လေ့ရှိကြသည်။

ယခုအခါတွင် ဆူမားတြားဆင်ကောင်ရေ ၃၀၀၀ အောက်သာ သဘာဝတောရိုင်းများအတွင်း၌ ကျန်ရှိနေသည်ဟု အပြည်ပြည်ဆိုင်ရာ သဘာဝဝန်းကျင်ထိန်းသိမ်းရေးသမဂ္ဂက ပြောကြားသည်။ ယင်းအရေအတွက်မှာ ၁၉၈၅ခုနှစ်က ကောင်ရေထက် စာလျှင် ၅၀ရာခိုင်နှုန်းခန့် ကျဆင်းသွားခြင်းဖြစ်သည်။

အင်တာနက်။

မျိုး သုဉ်း မည့် အန္တရာယ်နှင့် ကြုံတွေ့နေရသော ဆူမားတြားဆင် မျိုး များ ထဲ မှ ဆင် တစ် ကောင် အင် ဒို နီး ရှား နိုင် ငံ အာချေးပြည်နယ်၌ သေဆုံးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယခုရက်ပိုင်းအတွင်း ဝတ္ထုစာအုပ်အားလုံးကို ထုတ်/တင်စနစ် ခွင့်ပြုပေးသွားမည်

Print Media Law အမြန်ဆုံး အတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိ

အမြဲတမ်းစာနယ်ဇင်းကောင်စီကို ကြိုတင်ဖွဲ့စည်းဆောင်ရွက်သွားမည်

တွေ့ဆုံမှာကြား

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ အသစ်ဖွဲ့စည်းရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြသည့် မြန်မာနိုင်ငံစာရေးဆရာ အသင်းဖြစ်မြောက်ရေးကော်မတီ၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်း မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဖြစ်မြောက်ရေးကော်မတီ၊ မြန်မာ နိုင်ငံ စာပေထုတ်ဝေဖြန့်ချိသူများအသင်း ဖြစ်မြောက်ရေးကော်မတီတို့မှ တာဝန် ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၆

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ အသစ်ဖွဲ့စည်းရန် ပြင်ဆင်ဆောင်ရွက်လျက် ရှိကြသည့် မြန်မာနိုင်ငံစာရေးဆရာအသင်း (Myanmar Writers Association) ဖြစ်မြောက်ရေးကော်မတီ၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (Myanmar Printers and Publishers Association)၊ မြန်မာနိုင်ငံသတင်းစာဆရာ အသင်း (Myanmar Journalists Association) ဖြစ်မြောက် ရေးကော်မတီ၊ မြန်မာနိုင်ငံ စာပေထုတ်ဝေဖြန့်ချိသူများအသင်း (Myanmar Publishers and Books Sellers Association) ဖြစ်မြောက်ရေးကော်မတီတို့မှ တာဝန်ရှိသူများနှင့် မေ ၁၃ ရက် ညနေပိုင်းတွင် လည်းကောင်း၊ မြန်မာစာနယ်ဇင်းသမဂ္ဂ (Myanmar Journalists Union)နှင့် မြန်မာဂျာနယ်လစ် ကွန်ရက် (Myanmar Journalists Network) တို့မှ တာဝန်ရှိ သူများနှင့် မေ ၁၄ ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း ရန်ကုန် မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေး ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးမှုများတွင် ပြန်ကြားရေးဝန်ကြီး ဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယခုကဲ့သို့ စာပေနှင့်စာနယ်ဇင်းဆိုင်ရာ အသင်း အဖွဲ့များကို ဖွဲ့စည်းရပ်တည်နိုင်ရန် ဆောင်ရွက်နေမှုများသည် သက်ဆိုင်ရာ စာပေနှင့် စာနယ်ဇင်းလောကသားများ၏ အကျိုးကို ဖော်ဆောင်ပေးနိုင်ရန်နှင့် အရည်အချင်းပြည့်ဝပြီး စစ်မှန်သည့် စတုတ္ထမဏ္ဍိုင်အဖြစ် ရပ်တည်ဖော်ဆောင်နိုင်ရန် ရည်ရွယ်ရင်း

> **စာနယ်ဇင်းမီဒီယာကဏ္ဍကို ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ အရည်အသွေးရှိပြီး စစ်မှန်သည့် စတုတ္ထမဏ္ဍိုင်အဖြစ် ရပ်တည်ရှင်သန်လာနိုင်အောင် ဦးတည်ဆောင်ရွက်ပေးလျက်ရှိ။**

ဖြစ်သည်ဟု ယုံကြည်ကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီး ဌာနအနေဖြင့် အသင်းအဖွဲ့များအားလုံးအတွက် အဘက်ဘက်မှ ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့် စာနယ်ဇင်းမီဒီယာကဏ္ဍကို ပြောင်းလဲလာ သည့် ခေတ်စနစ်နှင့်အညီ အရည်အသွေးရှိပြီး စစ်မှန်သည့် စတုတ္ထမဏ္ဍိုင်အဖြစ် ရပ်တည်ရှင်သန်လာနိုင်အောင် ဦးတည် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို အတည်ပြုပြီးချိန်မှစ၍ မီဒီယာလောကအနေဖြင့် အခြေခံဥပဒေနှင့်အညီ လိုက်လျောညီထွေ ကျင့်သုံးဆောင်ရွက် နိုင်စေရန် ပြုပြင်ပြောင်းလဲမှုများကို ကြိုတင်မြော်တွေးပြင်ဆင် ဆောင်ရွက်ပေးခဲ့ကြောင်း။

တစ်ဖက်ကလည်း Print Media Law ကို ရေးဆွဲလျက် ရှိပြီး ယင်းဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ချိန်တွင် စာပေစာနယ်ဇင်း သမားများအနေဖြင့် ယင်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်လျောညီထွေ သဟဇာတဖြစ်စွာ ကျင့်သုံးဆောင်ရွက်နိုင်စေ ရန်အတွက် စနစ်တကျဖြေလျှော့မှုများကို တစ်ဆင့်ချင်း ဆောင် ရွက်ပေးလျက်ရှိကြောင်း၊ ယခုရက်ပိုင်းအတွင်း ဝတ္ထုစာအုပ် အားလုံးကို ထုတ်/တင်စနစ် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ဥပဒေကို အမြန်ဆုံးအတည်ပြုပြဋ္ဌာန်းနိုင်အောင် ပြင်ဆင်ရေးဆွဲမှုများ၊ ဆက်စပ်ညှိနှိုင်းမှုများ အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေတွင် စာနယ်ဇင်းကောင်စီ (Press Council) ဖွဲ့စည်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်များပါရှိလာ မည်ဖြစ်သည်နှင့်အညီ ဥပဒေအတည်ဖြစ်လာချိန်တွင် အဆင်သင့်လိုက်လျောညီထွေ ဖြစ်စေရန်တို့အတွက် အမြဲတမ်း စာနယ်ဇင်းကောင်စီကို ကြိုတင်ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ စာနယ်ဇင်းကောင်စီ ဖွဲ့စည်းတာဝန်ပေးအပ်ပြီးချိန်မှ စ၍ စာပေထုတ်ဝေမှုအားလုံးကို ထုတ်/တင်စနစ် ခွင့်ပြုပေးမည် ဖြစ်ပြီး ၎င်းလုပ်ငန်းစဉ်များကို စာနယ်ဇင်းကောင်စီက ဆက်လက် တာဝန်ယူထိန်းကျောင်းသွားရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စာပေနှင့် စာနယ်ဇင်း အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများက သက်ဆိုင်ရာ အသင်းအဖွဲ့အလိုက် ရည်ရွယ်ချက်၊ ရှေ့လုပ်ငန်းစဉ်နှင့် လက်ရှိ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြ ပြီးနောက် စာနယ်ဇင်းကောင်စီဖွဲ့စည်းရန်အတွက် လျာထား အဖွဲ့ဝင် အမည်စာရင်းများ တင်ပြရေး၊ စာနယ်ဇင်းကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များသတ်မှတ်ရေး၊ စာနယ်ဇင်းကျင့်ဝတ် နှင့်အညီ ယနေ့ စာနယ်ဇင်းမီဒီယာလောကကို ထိန်းကျောင်းရေး ဆိုင်ရာများကို အသီးသီး ဆွေးနွေးတင်ပြကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာရေးဆရာအသင်းဖြစ်မြောက်ရေး ကော်မတီက ဆွေးနွေးရာ၌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) က ၂၀၁၂ ခုနှစ် မတ် ၂၄ ရက်တွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အရေးပေါ်ညီလာခံကျင်းပပြီးနောက် မြန်မာ နိုင်ငံ စာရေးဆရာအသင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို အဆိုပါ ညီလာခံတွင် အတည်ပြုခဲ့ပြီးဖြစ်ကြောင်း၊ အတည်ပြုပြီး စည်းမျဉ်းနှင့်အညီ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဖွဲ့စည်း ဖြစ်ပေါ်လာရန် ဖြစ်မြောက်ရေးကော်မတီက လုပ်ငန်းဆိုင်ရာများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ စာရေးဆရာ အသင်းကို ဇွန် ၁၆ ရက်တွင် ပြန်လည်ဖွဲ့စည်းနိုင်ရန် စီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးခင်မောင်ထွန်း(ခင်မောင်ထွန်း-လမ်းမတော်) က မြန်မာနိုင်ငံ စာရေးဆရာအသင်း ဖြစ်မြောက်ရေးကော်မတီ အနေဖြင့် အဆိုပါ အရေးပေါ်ညီလာခံတွင် ဆုံးဖြတ်ခဲ့သည့် အတိုင်း မေ ၁၅ ရက် နောက်ဆုံးထား၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအသင်းများ အသစ်ပြန်လည်ဖွဲ့စည်းရန် ဆောင်ရွက် လျက်ရှိရာ ယခုအချိန်ထိ မြို့နယ်စာရေးဆရာအဖွဲ့ပေါင်း ၁၉၂ ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ဇွန် ၁၆ ရက် ကျင်းပမည့်ညီလာခံတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် များကို တိုက်ရိုက်မဲစနစ်နှင့် ရွေးချယ်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးသည် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းနှင့်အညီ မြန်မာစာပေ၏အကျိုး၊ နိုင်ငံတော်၏ အကျိုး ကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဖြစ်မြောက် ရေးကော်မတီက ဆွေးနွေးရာ၌ ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အရေးပေါ်ညီလာခံမှ ဆုံးဖြတ်ချက် များနှင့်အညီ လွတ်လပ်သော မြန်မာနိုင်ငံ သတင်းစာဆရာ အသင်းတစ်ခု ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ခေတ်စနစ်နှင့်လျော်ညီပြီး အများစုက လက်ခံနိုင်သည့် အသင်းအဖွဲ့ဖြစ်လာအောင် ဖန်တီးဆောင်ရွက်လျက်ရှိကြောင်း၊ ဖြစ်မြောက်ရေး ကော်မတီဝင် စုစုပေါင်း ၄၁ ဦးဖြင့် ဖွဲ့စည်း ထားပြီး ဖြစ်မြောက်ရေးကော်မတီ ပုံမှန်အစည်းအဝေးများကို အခါအားလျော်စွာ ကျင်းပလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၏ ဝက်ဘ်ဆိုက်ကို တင်ထားပြီး ဝက်ဘ်ဆိုက်ပေါ်တွင် စည်းရုံးရေးကိစ္စများ ဆောင်ရွက်လျက်ရှိ ပါကြောင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း စည်းမျဉ်းကို ပို၍ခေတ်မီပြီး သတင်းစာဆရာအားလုံး ပါဝင်ရေးဆွဲသည့် Constitution အဖြစ် မူကြမ်းရေးဆွဲလျက်ရှိပါကြောင်း၊ ဇူလိုင် လဆန်းတွင် Independent Journalist Association တစ်ရပ် အဖြစ် ဖွဲ့စည်းဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းသည် နိုင်ငံတော်နှင့် ပြည်သူအများက မျှော်မှန်းသောစစ်မှန်ပြီး နိုင်ငံရေးပယောဂ ကင်းရှင်းသည့် ပြည်သူများ၏အကျိုး၊ စာနယ်ဇင်းလောကသား များ၏ အကျိုးအတွက် စတုတ္ထမဏ္ဍိုင် ပီပီသသရပ်တည်နိုင်မည့် အဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် ပေါ်ထွန်းလာလိမ့်မည်ဟု ယုံကြည်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးခင်မောင်လေး(ဖိုးသောကြာ-ခေတ်/မိုး)က မြန်မာနိုင်ငံ သတင်းစာဆရာအသင်းသည် တည့်တည့်မတ်မတ် မှန်မှန်ကန်ကန်ဖြင့် သတင်းစာလောကအကျိုးထက် နိုင်ငံနှင့် ပြည်သူအကျိုးကို ပိုမိုဦးစားပေးပြီး ရပ်တည်ကြိုးပမ်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ စာနယ်ဇင်းကောင်စီ(Press Council) တွင် ပါဝင်မည့်ပုဂ္ဂိုလ်များသည် ရိုးရှင်းဖြောင့်မှန်စွာဖြင့် မည်သည့် ပယောဂမျှမဖက်ဘဲ ဆောင်ရွက်သွားကြရန်လိုပါကြောင်း၊ စာနယ်ဇင်းသမားများကိုယ်တိုင်ပင် Free Press ကို အဓိပ္ပာယ် ဖော်ရာ၌ တစ်ဦးနှင့်တစ်ဦး မတူညီနိုင်ပါကြောင်း၊ Free Press ၏ အဓိပ္ပာယ်ကို အနီးစပ်ဆုံး နိုင်ငံတကာစံနှင့် လိုက်လျော ညီထွေဖြစ်စေရန် ယခုဥပဒေက ဖော်ဆောင်ပေးရန် လိုအပ် မည်ဖြစ်ကြောင်းဖြင့် အကြံပြုဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်းက ဆွေးနွေးရာ၌ အသင်းဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး က မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းအနေ ဖြင့် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့သည်မှာ (၂၂) နှစ်ရှိပြီဖြစ်ပါကြောင်း၊ အသင်းကို ၁၉၈၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အသင်းဝင်ပေါင်း ၄၄၅၀ ကျော်ရှိပါကြောင်း၊ ပုံနှိပ်နှင့် ထုတ်ဝေသူဆိုသော်လည်း အလွှာစုံပါဝင်ပြီး ပုံနှိပ်ထုတ်ဝေသူအားလုံး ကိုယ်စားပြုသည့် အနေအထားရှိပါကြောင်း၊ စက္ကူရောင်းဝယ်ရေး၊ မင် ရောင်း ဝယ်ရေး၊ စက္ကူစက်များ၊ Colour Separation များ၊ Binding များစသည်ဖြင့် အားလုံးပါဝင်ကြောင်း၊ ထို့ပြင် UMFCCI ၏ ညီနောင်အသင်းတစ်ခုအဖြစ်လည်း ခိုင်မာစွာ ရပ်တည်လျက်ရှိပါ ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံ စာပေထုတ်ဝေဖြန့်ချိသူများ အသင်း ဖြစ်မြောက်ရေးကော်မတီကဆွေးနွေးရာ၌ ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသာထွန်းဦးက မြန်မာနိုင်ငံ စာပေထုတ်ဝေ ဖြန့်ချိသူများအသင်း အစည်းအဝေးကျင်းပခဲ့သည်မှာ နှစ်ကြိမ် ရှိပြီဖြစ်ပါကြောင်း၊ ထုတ်ဝေသူ လောက၊ ဖြန့်ချိသူလောကတွင် ရှိသည့် ထုတ်ဝေသူများ၊ ဖြန့်ချိသူများ၏ဆန္ဒအရ ၎င်းတို့၏ လုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်ပြီး အနာဂတ်အကျိုး ရှိနိုင်မည်ဆိုပါက ထုတ်ဝေဖြန့်ချိသူများအသင်းတွင် ပါဝင်မည်ဟု သိရပါကြောင်း၊ မကြာမီရက်အတွင်း မိမိတို့အသင်းဖြစ်မြောက်ရေး ကော်မတီအစည်းအဝေးကို ထပ်မံကျင်းပပြုလုပ်ရန်ရှိပါကြောင်း၊ အဓိကမှာ ထုတ်ဝေသူ၊ ဖြန့်ချိသူအသင်းအနေဖြင့် သီးခြား ရပ်တည်ခြင်းအားဖြင့် မိမိတို့လုပ်ငန်းရပ်များကို ပိုမိုထိရောက် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး ဦးမြင့်ထွန်းက မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်းရန်ကိစ္စတွင် တစ်ဖက်က မိမိတို့ထုတ်ဝေဖြန့်ချိသူများ၏ အသံကို နားထောင်ရပါကြောင်း၊ အများဆန္ဒအရသီးခြား ရပ်တည် ရန်စဉ်းစားပြီး သီးခြားထုတ်ဝေဖြန့်ချိသူများအသင်းကို ဖွဲ့စည်း ဆောင်ရွက်သွားရန် စီစဉ်ထားပါကြောင်း၊ သီးခြားအသင်း ဖွဲ့စည်း ဆောင်ရွက်ခြင်းအားဖြင့် မိမိတို့၏ ဖြန့်ချိရေး Network ကြီး ပိုမိုကျယ်ပြန့်လာနိုင်ပါကြောင်း၊ ထုတ်ဝေသူနှင့် ပုံနှိပ်သူများသည် လုပ်ဆောင်ရသည့် လုပ်ငန်းချင်းဆက်စပ်မှုရှိသော်လည်း သဘာဝ ချင်းမတူပါကြောင်း၊ ထို့ကြောင့် သီးခြားရပ်တည်ရန် စဉ်းစား ဆုံးဖြတ်ပြီး ဖွဲ့စည်းပုံစည်းမျဉ်းကို အပြီးသတ်ရေးဆွဲရန် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

မြန်မာစာနယ်ဇင်းသမဂ္ဂ (Myanmar Journalists Union) က ဆွေးနွေးရာ၌ ဒေါ်အေးအေးဝင်း (AP သတင်းဌာန)က မိမိတို့စာနယ်ဇင်းသမဂ္ဂ ရည်ရွယ်ချက်နှင့် ပြည်ထောင်စုဝန်ကြီး ရှင်းပြသွားသည့် ရည်ရွယ်ချက်ချင်းမှာ အတူတူပင်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် သတင်းသမားများ၏ လွတ်လပ်စွာ ရေးသား ဖော်ပြခွင့်ကို ထိန်းသိမ်းနိုင်ရန်၊ မျှတပြီး လွတ်လပ်လာသည်နှင့် အမျှ စာနယ်ဇင်းသမားများ၏ အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်နိုင်ရန် ရည်ရွယ်ပါကြောင်း၊ တစ်ဖက်က ကာကွယ် စောင့်ရှောက်မှုပေးသကဲ့သို့ သတင်းသမားများအနေဖြင့် စာနယ်ဇင်း ၏ (Code of Ethic)ကို နားလည်ပြီး တာဝန်သိသည့် အဖွဲ့ အစည်းတစ်ခုဖြစ်လာရေး လေ့ကျင့်ပျိုးထောင်ပေးရန်လည်း လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ သတင်းသမားများ တစ်ဦးနှင့် တစ်ဦး လက်ဆင့်ကမ်းပြီး တာဝန်သိသတင်းသမားများ ဖြစ်လာ ကြမှသာ စာနယ်ဇင်းလောက သိက္ခာရှိပြီး တိုင်းပြည်နှင့် ပြည်သူ့ အကျိုးကို မှန်ကန်စွာ သယ်ပိုးနိုင်မည်ဟုရည်ရွယ်၍ စိတ်တူ ကိုယ်တူ စာနယ်ဇင်းသမားများ စုပေါင်းဆောင်ရွက်ကြရန် ဆုံးဖြတ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ သတင်းသမားများ၏ (Freedom of Expression) အတွက်ရော (Protection of Journalist)အတွက်ပါ ရည်ရွယ်ပါကြောင်း၊ အဖွဲ့အစည်း ပေါ်ပေါက်လာပါက သတင်းသမားများကို သင်တန်းများပို့ချပြီး တာဝန်သိမှုကို အထူးဦးစားပေးသင်ကြားလိုသည့် ရည်ရွယ်ချက် ဖြင့် ဖွဲ့စည်းလိုခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

မြန်မာစာနယ်ဇင်းကွန်ရက် (Myanmar Journalists Network)က ရှင်းလင်းတင်ပြရာ၌ ဦးဇော်ထိုက်က စတုတ္ထ မဏ္ဍိုင်ဖြစ်သော မိမိတို့ပြည်တွင်းသတင်းသမားများတွင် လူငယ် များ အများစုဖြစ်ပါကြောင်း၊ ထို့ကြောင့် ပရော်ဖက်ရှင်နယ် ပီသရေး၊ အတတ်ပညာပိုင်း၊ အသိပညာပိုင်း၊ Ethic ပိုင်း အားနည်းချက်များရှိနေသည်ဟု နားလည်သဘောပေါက်ပြီး ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်လိုသည့် ရည်ရွယ် ချက်ဖြင့် စတင်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ သတင်းမီဒီယာ လောက ဖွံ့ဖြိုးလာခြင်းမှသည် စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍကို ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်ပြီး မြန်မာတစ်နိုင်ငံလုံး၏ အကျိုးကိုသယ်ပိုးနိုင်ရန် ရည်ရွယ်ပါကြောင်း၊ ပြီးခဲ့သည့် မေ ၂ ရက်က ပထမအကြိမ် အဖွဲ့ဝင်စုံညီညီလာခံကို ယုဇနဟိုတယ်၌ ကျင်းပခဲ့ပြီး ကွန်ရက်ဖွဲ့စည်းပုံ၏ အခြေခံကျောရိုးကို အားလုံး သဘောတူနိုင်ခဲ့ပါကြောင်း၊ မိမိတို့ကွန်ရက်၏ လုပ်ငန်း လုပ်ဆောင်ပုံမှာ မည်သည့်ဆောင်ရွက်ချက်ကိုမဆို ကော်မတီ အပြင် အဖွဲ့ဝင်အားလုံး၏ ဆုံးဖြတ်ချက်၊ သဘောတူညီချက်များ ရယူပြီး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ တရားဝင် အဖွဲ့အစည်း အဖြစ် ရပ်တည်နိုင်ရန်နှင့် မူလရည်ရွယ်ထားသည့် ရည်ရွယ်ချက် များကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ဦးစွာမှတ်ပုံတင်ရမည် ဖြစ်ပါကြောင်း၊ Press Council ဖွဲ့စည်းရေးကိုလည်း လွန်စွာ စိတ်ဝင်စားပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

အဆိုပါ စာပေနှင့် စာနယ်ဇင်းအသင်းအဖွဲ့ အသီးသီး ဖြစ်မြောက်ရေးကော်မတီများ၏ ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အခြားနိုင်ငံများ၏ အတွေ့ အကြုံများ၊ မိမိတို့နိုင်ငံ၏ အတိတ်သမိုင်းဆိုင်ရာ အားသာချက်၊ အားနည်းချက်များ၊ လက်ရှိ ပကတိဖြစ်ပေါ်နေသည့် အခြေ အနေမှန်များနှင့် ပေါင်းစပ်ပြီး ချင့်ချိန်ဆောင်ရွက်ကြမည်ဆိုပါက အသင့်မြတ်ဆုံး၊ အလျော်ကန်ဆုံးအဖြေကို ရရှိနိုင်ကြမည် ဖြစ်ပါကြောင်း၊ မိမိတို့ဘက်က လုပ်ဆောင်ပေးရန်ရှိသည်များကို ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် နိဂုံးချုပ်ဆွေးနွေးမှာကြားခဲ့သည်။ (သတင်းစဉ်)

ဆေးပညာသတင်းဆန်းများ (၂၄)

ဒေါက်တာ ကံညွန့်

သားအိမ်နှစ်ခုပါသူ ကလေးနှစ်ဦး တစ်ပြိုင်တည်းမွေး

ယခုအပတ် ဆေးပညာသတင်းဆန်းများတင်ပြရာတွင် သူများထက်ထူးတဲ့ အမေရိကန်နိုင်ငံ Florida သူ Andrcea Baubosa ဆိုတဲ့ မိန်းကလေးတစ်ယောက်အကြောင်း တင်ပြလိုပါတယ်။ သူက လွန်ခဲ့တဲ့ ငါးနှစ်ခန့်ကပဲ အလွန်ရှားပါးတဲ့ လူတစ်ဦးမှာ သားအိမ်နှစ်ခုပါတဲ့ ဆေးပညာအခေါ် Uterus Didelphys ဆိုတဲ့ ပုံမှန်မဟုတ်တဲ့ အခြေအနေရှိနေတာကို သိခဲ့ရတယ်လို့ ဆိုပါတယ်။ ယခုသူက Nathan နှင့် Natalie ခေါ်တဲ့ အမြွှာမောင်နှမနှစ်ဦး စက်တင်ဘာ ၁၅ ရက်မှာ Clear Water မြို့က Mooton Plant ဆေးရုံမှာ အောင်မြင်စွာ ဗိုက်ခွဲမွေးဖွားနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီလိုမွေးဖွားနိုင်ဖို့ သားဥနှစ်ခုဟာ တစ်ပြိုင်နက် သားအိမ်နှစ်ခုကို ဝင်လာပြီး သန္ဓေတည်ခဲ့တာလို့ သိရပါတယ်။ ဒီအခြေအနေမျိုးဟာ လူငါးသန်းမှာ တစ်ဦးသာဖြစ်ပေါ်နိုင်ကြောင်း သူ့ကို မွေးဖွားပေးခဲ့သူ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး Dr. Patricia St.John က ပြောပြကြောင်း တင်ပြလိုက်ရပါတယ်။

အရေပြားကိုကြည့်ပြီး အရိုးအကြောင်းသိနိုင်

အသက်ကြီးလာရင် မျက်နှာအရေပြားမှာ အရေးအကြောင်းတွေ ပေါ်လာတတ်ပါတယ်။ အရေးအကြောင်းများများပေါ်ခြင်းဟာ အရိုးပါးမှုနဲ့ ဆက်စပ်နေကြောင်း အင်္ဂလန်နိုင်ငံ ယေးလ်ဆေးပညာကောလိပ်က သုတေသနပညာရှင် ဒေါက်တာ Ulbna Pal က ဆိုပါတယ်။ ၎င်းအဆိုအရ အရေပြားနှင့် အရိုးအတွက်မျှတူလိုအပ်တဲ့ Type I Collagen Protein ဟာ အသက်ကြီးတာနဲ့အမျှ လျော့နည်းလာတာကြောင့်လို့ ဆိုပါတယ်။ ၎င်းတင်ပြချက်မှာ မျက်နှာအရေပြား အထူးသဖြင့် မျက်ခုံးနှစ်ခုကြား နှာခေါင်းရိုးအပေါ်က အရေပြားတွန့်နေခြင်းဟာ အရိုးကြွပ်ဆတ်လာမှုရဲ့ ခိုင်မာတဲ့သင်္ကေတလို့ပဲလို့ ထောက်ပြထားကြောင်းပါခင်ဗျာ။

အားကစားနဲ့ ကျန်းမာရေး

နောက်လေ့လာချက်တစ်ခုကတော့ မမျှော်လင့်ဘဲ တွေ့ခဲ့ရတဲ့ လေ့လာမှုလို့ ဆိုပါတယ်။ ဒီတွေ့ရှိချက်ကို Andy Wardworth ဆိုသူ ရေးသားတဲ့ New Complete Practical Encycopedia of Running, Cycling and Fitness Training ဆိုတဲ့ စာအုပ်မှာ ဖော်ပြထားတာပါ။ ၎င်းဖော်ပြချက်အရ တင်းနစ်ကစားခြင်းဟာ လက်မောင်းကြွက်သားအားပြုရတဲ့ အားကစားတစ်ခုဖြစ်ပေမယ့် ဗိုက်နှင့်တင်ပါး၊ ခြေထောက်၊ ကြွက်သားတွေကိုပါ အားပြုရတဲ့အတွက် ကျောရိုးသန်မာမှုနဲ့ နောက်ကျောနာကျင်ကိုက်ခဲစေခြင်းကို အထူးကာကွယ်ပေးနိုင်ကြောင်း တင်ပြထားပါတယ်။

၎င်းပြင် ရေကူးအားကစားဟာလည်း ကိုယ်ခန္ဓာအပေါ်ပိုင်းကို အထူးသန်မာစေပြီး ရေရဲ့ဆွဲငင်အားကို ဆန့်ကျင်ပြီး လှုပ်ရှားကူးခတ်ရတာကြောင့် ရင်ဘတ်ကြွက်သားကို ကြီးထွားစေပြီး အဆုတ်၊ နှလုံးတို့ကို ကောင်းမွန်စွာ အကာအကွယ်ပြုနိုင်ကြောင်း တင်ပြထားပါတယ်။

နောက်အားကစားတစ်မျိုးဖြစ်တဲ့ ဂေါက်သီးရိုက်အားကစားနည်းမှာလည်း လူတစ်ယောက်ဟာ ဂေါက်သီးကို မှန်အောင်ရိုက်ဖို့ မျက်လုံး၊ လက်နဲ့ ကိုယ်ခန္ဓာကြွက်သားတို့က Coordination ဖြစ်အောင် ကစားရတဲ့အတွက် ဖြုန်းခနဲဖြစ်ပေါ်လာတဲ့ ကိုယ်ခန္ဓာလှုပ်ရှားမှုမျိုးမှာ လဲကျခြင်းမျိုး မဖြစ်နိုင်အောင် လေ့ကျင့်ပြီးသားဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

MP3 ကြောင့် စောစောနားလေး

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ ဆယ်ကျော်သက်တွေ တော်တော်များများ အသုံးပြုနေကြတဲ့ MP3 Players တွေရဲ့ ဒုက္ခပေးပုံကို လေ့လာထားတဲ့ သတင်းတစ်ပုဒ်ပါ။ ဒီလေ့လာချက်ကိုတော့ အစ္စရေးနိုင်ငံ Tel Aviv University က ဆေးပညာရှင်တစ်စုက ပြုလုပ်ခဲ့တာပါ။ သူတို့လေ့လာချက်အရ MP3 Player, Ipod စတဲ့ ကိရိယာတွေနဲ့ ငယ်စဉ်ကပဲ နေ့စဉ် အသံကျယ်လောင်စွာ နားထောင်သူတွေဟာ အသက်ကြီးလာတဲ့အခါမှာဖြစ်တတ်တဲ့ နားလေးရောဂါကို တခြားသာမန်လူတွေထက် (၁၀)နှစ်မှ နှစ်(၂၀)ခန့် စောပြီး ခံစားရမှာဖြစ်တယ်လို့ ဆိုပါတယ်။ သာမန်အားဖြင့်ဆိုလျှင် နားလေးရောဂါကို အသက်(၆၀)လောက်မှသာ စတွေ့ရပေမယ့် ယခုအခါ အသက် (၃၀/၄၀)လောက်မှာ စတွေ့နေရပြီလို့ ဆိုပါတယ်။ နားလေးရောဂါဟာ ဆူညံတဲ့အသံကို ပုံမှန်နားထောင်တတ်သူတွေ သာမန်အားဖြင့် ဘာမှမဖြစ်နိုင်ဘူးလို့ ထင်ရပေမယ့် ဒါဟာ အကြားအာရုံကို ဖြည်းဖြည်းနှင့်မှန်မှန် ဆိုးရွားစေတယ်လို့ သိရကြောင်းပါခင်ဗျာ။

ပန်ကရိယကင်ဆာကို ဖြစ်စေတဲ့ အကြောင်းရင်း

နောက်တင်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ လူလတ်ပိုင်းအရွယ်တွေကို ဒုက္ခပေးတတ်တဲ့ Pancreas ကင်ဆာကို ဖြစ်စေတဲ့ Gene ကို တွေ့ရပြီဆိုတဲ့ သတင်းပါ။ ဒီတွေ့ရှိချက်ကို Cancer Discovery ခေါ်တဲ့ American Association for Cancer Research အသင်းကြီးက ထုတ်ဝေတဲ့ ဂျာနယ်မှာ ဖော်ပြထားတာပါ။

ယင်းကင်ဆာဟာ အများအားဖြင့် မျိုးရိုးဗီဇကြောင့်ဖြစ်တတ်ပြီး ဖြစ်ရတဲ့အကြောင်းကတော့ ATM လို့ အမည်ပေးထားတဲ့ Gene ရဲ့ ပြောင်းလဲမှုကြောင့်ဖြစ်ရတယ်လို့ သိရပါတယ်။ ဒီကင်ဆာမျိုးဖြစ်လာရင် ငါးနှစ် အသက်ရှည်ဖို့ အခွင့်အရေးဟာ ငါးရာခိုင်နှုန်းအောက်မှာပဲရှိနိုင်တဲ့ ပြင်းထန်တဲ့ကင်ဆာမျိုးဖြစ်တယ်လို့ သိရပါတယ်။ အခုလို တွေ့ရှိချက်အရ ဒီကင်ဆာမျိုးမဖြစ်အောင် ကြိုတင်ကာကွယ်နိုင်အောင် ကြိုးစားနိုင်မယ်လို့ သိရကြောင်းပါခင်ဗျာ။

ကလေးလိုချင်သူ မောင်နှံများအတွက် သတင်းကောင်း

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ ကလေးမရနိုင်လို့ စိတ်ဓာတ်ကျနေကြတဲ့ ဇနီးမောင်နှံတွေအတွက် သတင်းကောင်းတစ်ပုဒ်ပါ။ အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမှာရှိတဲ့ Califonia University က သိပ္ပံပညာရှင် နှစ်ဦးဖြစ်တဲ့ ယူရီကီရီချော့ (Yuriy Kirichok) နှင့် ပိုလီနာလီချကို (Polina Lisko) ဆိုသူတွေက တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ၎င်းတို့ဟာ သုက်ရည်ထဲမှာပါတဲ့ သုက်ကောင် (Sperm Cells)တွေရဲ့ လျှပ်စစ်စီးဆင်းမှု (Electrical Current)ကို လေ့လာပြီး ယခုလိုတွေ့ရှိခဲ့တာလို့ ဆိုပါတယ်။ ယောကျ်ားမှာရော မိန်းမမှာပါ ရှိနေတဲ့ Progesterone ဟော်မုန်းဟာ Sperm ရဲ့ Internal Electricity ကို နှိုးဆွတာမှာ အရေးပါပြီး ဒီနှိုးဆွမှုတွန်းအားကြောင့် Sperm တွေဟာ မိန်းမသားဥကို ထိုးဖောက်ဝင်ရောက်နိုင်တာလို့ ဆိုပါတယ်။

ဒီ Progesterone ဟော်မုန်းရဲ့ အချက်ပြနှိုးဆွမှုကို မရနိုင်တဲ့ Sperm တွေဟာ အားနည်းနေလို့ ကလေးမရနိုင်တာလို့ ထောက်ပြထားပါတယ်။ ဒါကို Whole Cell Recroding နည်းပညာနှင့် ကမ္ဘာပေါ်မှာ ပထမဆုံးသုက်ကောင်ရဲ့ လျှပ်စစ်စွမ်းအင်ကို လေ့လာပြီး တင်ပြရတာလို့ ဆိုပါတယ်။ ဒါကြောင့် ဒီလေ့လာမှုကတစ်ဆင့် သန္ဓေသားရအောင် စွမ်းဆောင်နိုင်မှာဖြစ်ပြီး အမျိုးသားများအတွက် ပဋိသန္ဓေမတည်နိုင်အောင် တားဆေးကိုလည်း တီထွင်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားကြောင်း တင်ပြထားပါတယ်။ အခုလို လေ့လာခဲ့တဲ့ ကယ်လီဖိုးနီးယားတက္ကသိုလ်က အဆိုပါ သိပ္ပံပညာရှင်နှစ်ဦးကတော့ ယူကရိန်းနိုင်ငံကနေ အမေရိကန်ကို ရွှေ့ပြောင်းလာကြတဲ့သူတွေလို့ သိရကြောင်းပါခင်ဗျာ။

အသက်ကြီးလာရင် အသီးအနှံနဲ့ငါး များများစားပါ

နောက်တင်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ အသက်ကြီးလာရင် စိမ်းလန်းလတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်အသီးအနှံနှင့် ငါးများများစားခြင်းဟာ ဦးနှောက်ရဲ့ စွမ်းအားကို အထူးမြင့်တင်နိုင်ပြီး ဦးနှောက်ကျုံ့သွားခြင်းကို ကာကွယ်နိုင်ကာ Alzheimer ခေါ် အမေ့လွန်ရောဂါကိုလည်း ကာကွယ်နိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါ။

ဒီလေ့လာချက်ကို အမေရိကန်နိုင်ငံ Portland မှာရှိတဲ့ သိပ္ပံပညာရှင်နှင့် Oregon University က သိပ္ပံပညာရှင်တွေက ပူးတွဲလေ့လာခဲ့ကြတာဖြစ်ပြီး ဒီအကြောင်းကို Journal of Neurology မှာ ဖော်ပြထားတာဖြစ်ပါတယ်။

၎င်းတို့ ဖော်ပြချက်အရ အသက်ကြီးသူတွေမှာ B,C,D,E နှင့် Omega-3 Fatty Acid သွေးထဲမှာ များများရှိနေခြင်းဟာ ဦးနှောက်အတွက် အထူးကောင်းမွန်ကြောင်းနှင့် သူတို့အခေါ် Junk food လို့ခေါ်တဲ့ အကြော်အလှော် အဆီဓာတ်များများပါတဲ့ margarine လို အစားအစာမျိုးဟာ အသက်အရွယ်ကြီးသူတွေအတွက် ဆိုးကျိုးကိုသာ ပေးနိုင်ကြောင်း ဖော်ပြထားပါတယ်။

ကြာကြာထိုင်လေ အောက်ပိုင်းပိုဝလေ

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ လူတစ်ယောက်ဟာ ကြာကြာထိုင်လေ အောက်ပိုင်းပိုဝလာလေလေဆိုတဲ့ လေ့လာချက်ပါ။ ဒီလေ့လာချက်ကို လန်ဒန်သုတေသနပညာရှင်တွေက ပြုလုပ်ခဲ့တာဖြစ်ပြီး The Telegraph သတင်းစာမှာ ဖော်ပြထားတာဖြစ်ပါတယ်။ ယင်းတို့ရဲ့ လေ့လာချက်အရ Preadepocyte Cell ခေါ်တဲ့ Fat Cell မဖြစ်ခင်အကြို Cell တွေဟာ ကြာကြာထိုင်နေတဲ့လူတွေမှာ ဖြစ်လာတဲ့ Mechanical Stretcling Loads ကြောင့် ယင်းအကြို Cell ကနေ Fat Cell ဖြစ်နှုန်းပိုမြန်ရတာလို့ ဆိုပါတယ်။ ကြာကြာထိုင်အလုပ်လုပ်နေပြီး Exercise မလုပ်တဲ့ လူတွေမှာ ဘာကြောင့်ဝလာရတယ်ဆိုတာ ဒီအချက်ကြောင့်ဝလာရတယ်လို့ ဆိုပါတယ်။ ယင်းကဲ့သို့ လူတွေမှာ ခန္ဓာကိုယ်အောက်ပိုင်းပိုဝလာဖို့ ၅၀ ရာခိုင်နှုန်း ပိုရှိတယ်လို့ သိရကြောင်းပါခင်ဗျာ။

သွေးဖောက်ဖို့ မလိုတော့တဲ့ ဆီးချိုစစ်ဆေးနည်း

အခုနောက်ဆုံးဖော်ပြလိုတဲ့ ဆေးပညာသတင်းကတော့ ကမ္ဘာတစ်ဝန်းလုံးက သန်းပေါင်းများစွာသော ဆီးချိုဝေဒနာရှင်တွေအတွက်ပါ။ ဆီးချိုဝေဒနာရှင်တွေအတွက် မစမ်းရင်မဖြစ်တဲ့ သွေးထဲက သကြားဓာတ်စစ်ဆေးရာမှာ ယခုအချိန်ထိ လက်ထိပ်မှာ သွေးဖောက်ပြီး စစ်ဆေးနေခဲ့ရာ ယခုအခါ ယင်းသို့ သွေးဖောက်စရာမလိုတော့ဘဲ ပါးစပ်ထဲက တံတွေးကို စမ်းသပ်ခြင်းဖြင့် သကြားဓာတ် သွေးထဲမှာ ဘယ်လောက်ရှိမရှိ စစ်ဆေးနိုင်တော့မယ်လို့ ဆိုပါတယ်။ ဒီတွေ့ရှိချက်ကိုတော့ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ Brown University မှ သုတေသီတို့ကတီထွင်ခဲ့တာ ဖြစ်ပါတယ်။ သူတို့ဟာ Nanotechnology နှင့် Surface Plasmonic အပေါ် အခြေခံပြီးလက်သည်းခွံအရွယ်ရှိတဲ့ Interferometer ကို Biochip အဖြစ် တီထွင်ခဲ့တာလို့ သိရပါတယ်။ ဒီပစ္စည်း စပေါ်လာပြီး ဈေးကွက်ထဲရောက်လာရင် ဆီးချိုဝေဒနာရှင်တွေအတွက် သွေးဖောက်နေရတဲ့ဒုက္ခက ကင်းဝေးရတော့မယ်ဆိုတာ တင်ပြရင်း ဒီအပတ်ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

မိုးဦးလေဦးကာလ ရေကြောင်းသွားရေယာဉ်များ ရာသီဥတုအခြေအနေကို ဂရုပြုရန်လို

သတင်း - ချစ်ဝင်းမြတ်(ကြေးမုံ)
ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

ယခုကာလသည် မိုးဦးလေဦးကာလ လေပြင်းများ တိုက်ခတ်ကျရောက်တတ်သည့်အတွက် ရေကြောင်းခရီးစဉ်များ၌ ပြေးဆွဲနေသည့် ရေယာဉ်များအနေဖြင့် သွားလာရာတွင် အထူးဂရုစိုက်ရမည့် အချိန်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကို ကြိုတင်တွက်ဆရှောင်ရှားနိုင်ရန် လိုသည့်ကာလလည်းဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

"မိုးဦးလေဦးကာလမှာ နွေနှောင်းရက်ကျန်ဆိုတာရှိတယ်။ နွေလည်းမကုန်သေးဘူး။ မိုးဦးကာလရဲ့လက္ခဏာလည်း ရှိနေမယ်။ ဆိုလိုတာက ပူတဲ့အချိန်မှာ ပူနေမယ်။ မိုးကလည်းရွာချင်တဲ့လက္ခဏာတွေပြနေမယ်။ အဲလိုအခါကျတော့ ပူတဲ့အချိန်မှာ လေကပွပြီး ရေငွေ့ပျံတက်သွားတယ်။ အဲဒီနေရာမှာ ဟသွားသလောက် လေကအစားထိုးဝင်လာမယ်။ အပူရှိန်ကြီးလာတာနဲ့အမျှ လေတိုက်နှုန်းဟာ ညနေစောင်းချိန်တွေမှာဆိုရင် သာမန်အချိန်ထက်ပိုပြီး ပြင်းပြင်းထန်ထန် တိုက်ခတ်တတ်တယ်"ဟု မိုးဦးလေဦးကာလ ရာသီဥတုအခြေအနေနှင့်ပတ်သက်၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မိုးဦးလေဦးကာလတွင် အထူးသဖြင့် ညနေပိုင်းအချိန်များ၌ လေပြင်းများ ကျရောက်တိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ခန့်မှန်းမရနိုင်သည့် စိုက်ဆင်းလေပြင်းများ ကျရောက်တတ်ကြောင်း၊ ထို့အတွက် ရေကြောင်းသွားသင်္ဘောများအနေဖြင့် အထူးသတိထားရန်နှင့်ပတ်သက်ပြီး ၎င်းက "ဒီဘက်ကတော့ မိုးလေဝသက ထုတ်ပြန်တာကို ကြည့်ပြီး အရေးကြီးရင် အသိပေးအကြောင်းကြားတယ်။ သာမန်ကတော့ သင်္ဘောမောင်းသူတွေရဲ့ နှစ်ပေါင်းများစွာ အတွေ့အကြုံတွေအရ ဒီကာလဟာ အန္တရာယ်အနီးကာလဆိုတာ သိတယ်။ ဂရုစိုက်တယ်။ ဒီအချိန်မှာက လေပြင်းကျမယ်။ မိုးကြိုးပစ်မယ်။ လေဆင်နှာမောင်းတွေရှိမယ်။ အဲဒါကို သတိထားဖို့လိုတယ်။ စိုက်ဆင်းလေပြင်းကိုတော့ ကြိုပြီးခန့်မှန်းလို့မရဘူး။ သူက ရုတ်တရက်ဆင်းချလာပြီးရင် အနီးတစ်ဝိုက်က အရာဝတ္ထုတွေ၊ သင်္ဘောတွေ၊ ရထားတွေကို တွန်းလှဲသွားတတ်တယ်။ အဲဒါကြောင့် အခုကာလကို အထူးဂရုစိုက်ဖို့လိုပါတယ်"ဟု ရှင်းပြသည်။

ပြီးခဲ့သည့်ဧပြီလတွင်းက ကျောက်ဆည်မြို့နှင့် မန္တလေးမြို့တို့တွင် လေပြင်းများ ကျရောက်ခဲ့ရာ နေအိမ်၊ အဆောက်အအုံနှင့် ရေယာဉ်အချို့တို့ ပျက်စီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့သည်။ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်းတို့ကို အဓိကဖြစ်ပေါ်သက်ရောက်စေသည့် မိုးတိမ်တောင်များ၏ ဘေးအန္တရာယ်ကို ယခုလ(မေလ) ကုန်အထိ အထူးသတိထားရန်လိုကြောင်း Myanmar Climate Change Watch ဝက်ဘ်ဆိုက်ကလည်း ထုတ်ပြန်ထားရာ ယခုကာလသည် မိုးသက်လေပြင်းများ ကျရောက်စေသည့်အန္တရာယ်ကို ရေကြောင်းသွားရေယာဉ်များအနေဖြင့် အထူးဂရုပြုရမည့်အချိန်ဖြစ်သည်။

ရန်ကုန်မြစ်အတွင်း ရေကြောင်းခရီးစဉ်များ ပြေးဆွဲလျက်ရှိသည့် ရေယာဉ်များကို တွေ့ရစဉ်။

မိုးဦးကာလ ရေယာဉ်များသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်

နေပြည်တော် မေ ၁၆

မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလ၌ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေ မြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလတွင်ရှိခဲ့သော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါက် ဖြတ်လမ်းများ ဖြစ်ပေါ်လာမည် ဖြစ်သည်။

မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်သည်။ တစ်ခါတစ်ရံ ရာသီဥတုဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုပြု ခုတ်မောင်းကြရန် လိုအပ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ ရေအနက်မလုံလောက်သော ရေမြှုပ်ပေါက် ဖြတ်လမ်းများအား အသုံးပြု ခုတ်မောင်းခြင်း မပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ ဂရုပြုခုတ်မောင်းကြရန် လိုအပ်သည်။

မြစ်ကူးတံတားကြီးများ၏ ရေလမ်းကြောင်းများတွင် ရေယာဉ်များဝင်ရောက်ရမည့် ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံအမှတ်အသားပြသထားပြီး မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသထားသည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အုတ်ခုံများမှာ ရေမြုပ်နေပြီး ရေလယ်တိုင်နှစ်ခုကြား၌ ရေစီးသန်မည်ဖြစ်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းသို့ ဖြတ်သန်းရာတွင် စက်နှင့်တက်မစနစ်များအား ကြိုတင်စစ်ဆေးပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ ဖြတ်သန်းခုတ်မောင်းကြရန်နှင့် တံတားရေလမ်းများအား ဖြတ်သန်းရာတွင် ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်သည်။ အထူးသဖြင့် ရေယာဉ်များအနေဖြင့် မိမိ၏ သယ်ဆောင်ဝန်အားနှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများအား ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန် လိုအပ်သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများ ဖြစ်ပေါ်သည့်အခါ ရေယာဉ်များအနေဖြင့် အန္တရာယ်မဖြစ်စေရေးအတွက် အထူးဂရုပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၇-၅-၂၀၁၂ (ကြာသပတေးနေ့)

- ၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈း၂၅ "အမျိုးနှင့်မျိုး"
- ၄း၄၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (မြန်မာစာအထူးပြု)(မြန်မာစာ)
- ၅း၀၀ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၅ "စိမ်းဝါနီ" (ရဲနိုင်၊ မိုးကောင်းကင်၊ အုတ်ဖို သိန်းဝင်း၊ နန်းဝတ်ရည်) [ဒါရိုက်တာ-မောင်မျိုးသူ(စုံနံ့သာမြိုင်)]
- ၅း၂၀ ရောင်စုံရေးသီတေးပန်းချီ
- ၅း၄၅ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
- ၆း၂၀ ပျော်ရွှင်စေသောနေ့ရက်များ "နှလုံးသားမှချစ်ပန်းချီ"(အပိုင်း-၈) (ကျော်ကျော်ဗို၊ ရတနာဖြူဖြူအောင်) (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆း၄၀ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆ-ဆရာရှိသေပါ" (အပိုင်း-၅)**
- ၈း၀၀ ပြည်တွင်းသတင်း -အစာလည်းဆေး၊ ဆေးလည်းအစာ **-နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ"(အပိုင်း-၅) -နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၅၆)**

အပျားမှမသီး ပင်စည်မှသီးသည့် ထူးထူးဆန်းဆန်း ငှက်ပျောသီး

တွံတေး မေ ၁၆

ထူးထူးဆန်းဆန်းပင်စည်အားခွဲထွက်၍ ထန်းသီးခိုင်ကဲ့သို့ သီးနေသည့် ငှက်ပျောပင်အား တွံတေးမြို့နယ် အလယ်စုကျေးရွာနေ ဦးချစ်ဦး၏ နေအိမ်၌ တွေ့မြင်ခဲ့ရသည်။

အဆိုပါငှက်ပျောပင်မှာ ဖီးကြမ်းငှက်ပျောမျိုးဖြစ်ပြီး စိုက်ပျိုးထားသော ငှက်ပျောပင်များအနက်မှ ဤကဲ့သို့ ထူးဆန်းစွာသီးနေခြင်းဖြစ်သည်။ ငှက်ပျောခိုင်ထွက်ပေါ်လာပုံမှာ သီးရိုးသီးစဉ်များကဲ့သို့ မဟုတ်ဘဲ ငှက်ပျောပင်စည်တွင် အက်ကြောင်းထွက်ပေါ်လာပြီး အဖူးထွက်လာကာ ထန်းသီးခိုင်ကဲ့သို့ သီးနေခြင်းဖြစ်သည်။

ငှက်ပျောသီးများမှာ အချိန်ကာလအားဖြင့် ခြောက်လမျှရှိသော်လည်း ရင့်မှည့်ခြင်းမရှိသေးကြောင်း ဦးချစ်ဦးက ပြောပြသည်။ တွေ့မြင်ရခဲပြီး ထူးလည်းထူး၊ ဆန်းလည်းဆန်းသည့် ငှက်ပျောပင်ဖြစ်ကြောင်း တွေ့မြင်သူများက ပြောကြားကြသည်။

မောင်ယဉ်ဦး (ဒလ)

ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက်မှ စိတ်ဝေဒနာရှင်များအား ယာဉ်မောင်းများသတိပြု

ရေတာရှည် မေ ၁၆

နေ့စဉ် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး(လမ်းဟောင်း)အစုန်-အဆန် သွားလာလျက်ရှိသည့် ကုန်တင်ယာဉ်ကြီးများသည် လမ်းတစ်လျှောက် စိတ်ဝေဒနာရှင်များ ပိုမိုတွေ့ရှိလာရသဖြင့် ဂရုပြု၍ မောင်းနှင်နေရကြောင်း ကုန်တင်ယာဉ်မောင်းများက ပြောပြသည်။

လတ်တလော ရေတာရှည်မြို့နယ်တွင် ကားလမ်းတစ်လျှောက် သွားလာနေသည့် စိတ်ဝေဒနာရှင် ခြောက်ဦးခန့်ရှိပြီး ယခုနှစ်စပိုင်းက ရေနီမြို့တောင်ဘက် သရက်ကုန်းကျေးရွာအနီး၌ စိတ်ဝေဒနာရှင်တစ်ဦး ကားကြိတ်၍ သေဆုံးမှုဖြစ်ပွားခဲ့သည်။ "ကျွန်တော်တို့ ယာဉ်မောင်းတွေ ခရီးသွားတဲ့အခါ အရင်တုန်းကထက်ပိုပြီး ဂရုစိုက်ရတယ်၊ လမ်းအသုံးပြုတဲ့ယာဉ်တွေက ပိုများလာတယ်၊ အများဆုံးက ဆိုင်ကယ်တွေပဲ၊ ထော်လာဂျီယာဉ်တွေ မြို့တွေကိုဖြတ်တဲ့အခါ စက်ဘီး၊ ဆိုက်ကား၊ လမ်းလျှောက်သူတွေကို အတော့်ကို သတိထားရတာ၊ အခုနောက်ပိုင်း ကားလမ်းတစ်လျှောက်မှာ စိတ်ဝေဒနာရှင်တွေ တွေ့ရတာ ပိုများလာတယ်. . သူတို့က သွားချင်ရာသွား၊ တစ်ခါတလေ ကားလမ်းကို ပိတ်ရပ်ထားတာမျိုးတောင်ကြုံရတယ်" ဟု ကုန်တင်ယာဉ်မောင်း တစ်ဦးက ပြောပြသည်။

ရန်ကုန်-မန္တလေး အဝေးပြေးကားလမ်းသည် ကုန်စည်သယ်ယူပို့ဆောင်ရေး၊ ခရီးသည်တင်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်ငယ်များ ဒေသတွင်းသွားလာသည့် ယာဉ်စီးရေမှာ တစ်နေ့တခြား ပိုမိုများပြားလျက်ရှိပြီး စိတ်ဝေဒနာရှင်များကို အရေးတယူ ဆောင်ရွက်ပေးသင့်ပြီ ဖြစ်ကြောင်း အဝေးပြေး ကုန်တင်ယာဉ်မောင်းများက အကြံပြုပြောကြားကြသည်။ (၅၇၈)

ယနေ့ ဖတ်စရာမှတ်စရာ

လှတောသားတို့ စေတနာ

ရွှေဘိုမြို့မှအပြန် လှတောလမ်းဆုံ၏ မြောက်ဘက်မှာ "စေတနာရှင် လူမှုကူညီရေးအသင်း"ဆိုင်းဘုတ်တင်ထားသော ရုံးခန်းနှင့် အတွင်းလူနာတင်ယာဉ်တစ်စီး ရပ်ထားသည်ကို မြင်လိုက်ရသည်။ စိတ်ဝင်စားမိသဖြင့် သိလိုသမျှမေးခွင့်ရခဲ့၏။

အဖွဲ့ဝင် ၃၀ နှင့် ဖွဲ့စည်းပြီး တာဝန်ခွဲဝေ သတ်မှတ်လုပ်ကိုင်လျက်ရှိကြောင်း သိရှိရသည်။

လွန်ခဲ့သောလအနည်းငယ်က လှတောရွာမှ လူငယ်များ စေတနာရှင်လူမှုကူညီရေးအသင်းဖွဲ့နိုင်ရန် ကြိုးစားခဲ့ကြသည်။

လှတောရွာအပါအဝင် အနီးအပါးကျေးရွာများကို အလှူခံထွက်ခဲ့ကြသည်။ ဒေသခံများ၊ ရပ်မိရပ်ဖများက ဝိုင်းဝန်းကူညီအားပေးခဲ့ကြသည်။ အလှူငွေများ ထည့်ဝင်ခဲ့ကြသည်။

လူနာတင်ယာဉ်တစ်စီးဝယ်နိုင်ခဲ့ပြီး စေတနာရှင်ရုံးခန်းလေး ဆောက်နိုင်ခဲ့သည်။

အဖွဲ့၏ ရည်ရွယ်ချက်မှာ လူနာများအား အချိန်မီဆေးရုံကြီးများသို့ အခမဲ့ပို့နိုင်ရေးနှင့် အခမဲ့ ဆေးဝါးကုသနိုင်ရေးတို့ ဖြစ်ကြောင်း သိရှိခဲ့ရ၏။

ဝက်လက်-ရွှေဘို-မန္တလေး မြို့ကြီးများသို့ ဆေးရုံတက်ရမည့် လူနာများ၊ ရုတ်တရက်ထိခိုက်ဒဏ်ရာရသည့် အရေးပေါ်လူနာများ၊ စရိတ်စကမရှိသဖြင့် မသွားနိုင်မလာနိုင်သော လူနာများအား နေ့စဉ် အမှုဆောင်အဖွဲ့က အခမဲ့ ပို့ဆောင်ပေးသည်။

အခမဲ့ဆေးဝါးကုသနိုင်ရေး ဆေးခန်းဖွင့်နိုင်ရေးအတွက် ကြိုးစားနေကြဆဲဖြစ်ကြောင်း သိရသည်။

၂၀၁၂ ခုနှစ် မတ် ၂၃ ရက် (သောကြာနေ့)နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် လှတောစံပြကျေးရွာ စေတနာရှင်လူမှုကူညီရေးအသင်း ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ကြသည်။

အလှူရှင်ပေါင်း ၄၁ ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်နိုင်ခဲ့သည်။ လှတောရွာလုပ်ငန်းရှင်တစ်ဦးက CDMA တယ်လီဖုန်း ၀၉-၇၃၂၅၃၁၉၁ တစ်လုံး လှူဒါန်းခဲ့သည်။

မည်သည့်နေရာမှမဆို ဖုန်းဆက်၍ အကူအညီတောင်းခံပါက အဖွဲ့အနေဖြင့် အဆင်သင့် ပို့ဆောင်ကူညီပေးလျက်ရှိသည်။

စစ်ကိုင်း-ရွှေဘို-ဝက်လက် လမ်းဆုံရှိ စေတနာရှင် လူမှုကူညီရေးအသင်းမှာ ဂုဏ်ယူကြည်နူးဖွယ်ဖြစ်ပေသည်။ ထပ်မံ၍ လူနာတင်ယာဉ်တစ်စီးဝယ်ရန် အစီအစဉ်ရှိကြောင်း ကြားသိခဲ့ရသည်။ လှတောစံပြကျေးရွာ လူမှုကူညီရေးအဖွဲ့ကား အရှိန်ကောင်းစွာရနေရာ လှတောကျေးရွာကဲ့သို့ အခြားကျေးရွာများလည်း လှပနေစေချင်ပါသည်။

ကြည်ဇော်ဝင်း(ဝက်လက်)

အမြင့်ဆုံးအပူချိန် စံချိန်သစ်

နေပြည်တော် မေ ၁၆

ချောက်မြို့၏ (၁၅-၅-၂၀၁၂)ရက် အမြင့်ဆုံးအပူချိန် ၄၆ ဒသမ ၃ ဒီဂရီစင်တီဂရိတ် (၁၁၅ ဒသမ ၃ ဒီဂရီဖာရင်ဟိုက်)သည် လွန်ခဲ့သောနှစ်ပေါင်း ၂၈ နှစ်အတွင်း ယင်းမြို့၏မေလအတွက် အမြင့်ဆုံးအပူချိန်စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ (၁၄-၅-၂၀၁၁)ရက်တွင် ၄၅ ဒသမ ၃ ဒီဂရီစင်တီဂရိတ် (၁၁၃ ဒသမ ၅ ဒီဂရီဖာရင်ဟိုက်)ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ရေအခက်အခဲရှိသည့် ရပ်ကွက်နေပြည်သူများ ရေဖြန့်ဝေပေးမှုကြောင့် ဝမ်းမြောက်ပျော်ရွှင်

သီပေါ မေ ၁၆ ။ ။ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ယခုနှစ် နွေရာသီကာလ၌ အပူချိန် ၃၉ ဒီဂရီစင်တီဂရိတ်အထိ မြင့်မားမှုကြောင့် အမြင့်ပိုင်းဒေသများဖြစ်သော တောင်မြို့၊ အုပ်ကျင်း၊ ရွှေကျောင်းရပ်ကွက်နှင့် ရွှေပြည်သာကွက်သစ်တို့ရှိ ရေတွင်း၊ ရေကန်များတွင် ရေများခန်းခြောက်ကာ သောက်သုံးရေအခက်အခဲနှင့် ရင်ဆိုင်နေကြရသည်။

ထို့ကြောင့် မေ ၁၅ ရက်မှစ၍ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုဦး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာရှင် မြို့မိမြို့ဖများက ရေအခက်အခဲဖြစ်နေသော မြို့ပေါ်ရပ်ကွက်အချို့နှင့် ရွှေပြည်သာနေပြည်သူများအတွက် သောက်သုံးရေများကို အိမ်တိုင်ရာရောက် အခမဲ့ဖြန့်ဝေပေးလျက်ရှိသဖြင့် **(အပေါ်ပုံ)** ပြည်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။ (၂၄၇)

နေ့အပူချိန်မြင့်တက်၍ ကျေးလက်ဒေသများ သောက်သုံးရေရှားပါး

ရေတာရှည် မေ ၁၆။ ။ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် နေ့အပူချိန် သိသိသာသာ ဆက်လက်မြင့်တက်လျက်ရှိ၍ ကျေးလက်ဒေသများ၌ သောက်သုံးရေရှားပါးလာခဲ့ရသည်။ ရေတွင်းများသည် ယခင်က အိမ်ထောင်စုများစွာအတွက် သောက်သုံးရေလုံလောက်စွာသုံးစွဲနိုင်သော်လည်း မေလ ဒုတိယပတ်မှစ၍ အိမ်ထောင်စုနှစ်စုစာပင် လုံလောက်စွာ သုံးစွဲနိုင်ခြင်းမရှိတော့သည်ကိုတွေ့ရသည်။ ကျေးရွာများရှိ ရေတွင်းအချို့မှာ နံနက် ၄ နာရီ ၅ နာရီ အချိန်စောစောထပြီး ရေခပ်ကြရသည်ဟု ဒေသခံများကပြောပြသည်။

ယခုနောက်ပိုင်း ဆွာချောင်းနှင့်နီးသည့် ကျေးရွာများသည် ချောင်းအတွင်း၌သဲတွင်းငယ်များတူးကာ သောက်သုံးရေအတွက် ခပ်ယူအသုံးပြုနေကြရသည်ကို **(အပေါ်ပုံ)**မြင်တွေ့ခဲ့ရသည်။ ရေအနည်းငယ်သာ စီးဆင်းနေသော ဆွာချောင်းသည် ကျွဲ၊ နွားများသောက်သုံးရေအသုံးပြုခြင်း ၊ အမှိုက်သရိုက် အညစ်အကြေးများ ပါဝင်လေ့ရှိ၍ ရေကြောင့်ဖြစ်ပွားလေ့ရှိသော ဝမ်းပျက်ဝမ်းလျှောရောဂါများကို ဂရုပြုရန်လိုအပ်ကြောင်း သုံးသပ်မှုများလည်းရှိသည်။ ကိုလွင်(ဆွာ)

ဆင်ခြင်ဂရု မီးသတိပြု ဆင်ခြင်ဂရု မီးသတိပြု

မန္တလေးမြို့တွင် တစ်နေ့တည်း မီးနှစ်ကြိမ်လောင်

မန္တလေး မေ ၁၆

မေ ၁၅ ရက် ညနေပိုင်းတွင် မန္တလေးမြို့ နှစ်နေရာ၌ မီးနှစ်ကြိမ်လောင်ကျွမ်းခဲ့သည်။ ဖြစ်စဉ်မှာ ညနေ ၄ နာရီ ၅၅ မိနစ်က မန္တလေး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ် အကွက်(၅၀၅) သုံးရာသီမွေ့ရာဆိုင်တွင် လဲမှို့ကြိတ်ရာမှ မီးစတင်လောင်ခြင်းဖြစ်သည်။ **(အပေါ်ပုံ)** အဆိုပါမီးလောင်ရာသို့ မီးသတ်ကား ၁၅ စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၆၅ ဦးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် လဲမှို့တာဝန်ခံ ဦးမောင်မောင်စိုးအား အရေးယူထားသည်။

ထို့အတူ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ဒုတိယအကြိမ် မီးလောင်မှုဖြစ်ပွားခဲ့ရာ အောင်မြေသာစံမြို့နယ် မဟာဇေယျာဘုံရပ် အကွက်(၇၉၃)ရှိ လဲမှို့ကြိတ်စက်တွင် ဆေးလိပ်သောက်ရာမှ မီးစတင်လောင်ခြင်းဖြစ်သည်။ မီးသတ်ကား ၁၀ စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၇၀ တို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၇ နာရီတွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် မန္တယ်နွယ်ထွန်းအား အရေးယူထားကြောင်းသိရသည်။

(၀၀၂)

ခြင်ဆေးခွေ ထွန်းညှိရာမှ ဝန်ထမ်းအိမ်ရာ မီးလောင်မှုဖြစ်ပွား

ပုသိမ် မေ ၁၆

ပုသိမ်မြို့ အမှတ်(၁၃) ရပ်ကွက် (လွန်ကန်) ရန်ကုန်-ပုသိမ်ကားလမ်းဘေးရှိ ဝန်ထမ်းအိမ်ရာတွင် နံနက် ၁၀ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားရာ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လေတပ်ဌာနချုပ်မှ မီးသတ်တပ်ဖွဲ့ဝင်များ၏ ငြိမ်းသတ်နိုင်ခဲ့မှုကြောင့် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် ဝန်ထမ်းအိမ်ရာငါးခန်းတွဲတစ်လုံး ဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါလိုင်းခန်းနေ မိသားစုဝင်ဖြစ်သော မသီတာ ၁၂ နှစ် (ဘ-ဦးသံချောင်း)သည် အိပ်ခန်းတွင်း ခြင်ဆေးခွေ ထွန်းညှိထားခဲ့ရာမှ စောင်၊ ခြင်ထောင်၊ အိမ်ထရံများသို့ မီးကူးစက်လောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ မသီတာ အသက်(၁၂)နှစ်အား (ပ) ---/၂၀၁၂/ပြစ်မှု ပုဒ်မ-၂၈၅ ဖြင့် ပုသိမ် အမှတ်(၂) ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

(၅၅၂)

ပန်းတနော် ငါးသားဖောက်စခန်းမှ ဝန်ထမ်းလိုင်းခန်း မီးလောင်

ပုသိမ် မေ ၁၆

မေ ၁၄ ရက် ညနေ ၃ နာရီခန့်က ပန်းတနော်မြို့နယ် ပသွယ်ကျေးရွာ ငါးသားဖောက်စခန်းမှ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း လေးခန်းတွဲ ဝန်ထမ်းလိုင်းခန်းတွင် ဝန်ထမ်းသုံးဦး နေထိုင်လျက်ရှိရာ တွဲဖက်တာဝန်ထမ်းဆောင်နေသည့် ဦးမောင်မောင်တင်၏ဇနီး မလှမြင့် (၃၈)နှစ် (ဘ- ဦးလှဆင်) နေထိုင်သောအခန်းမှ မီးကြွင်းမီးကျန် မီးဖိုမှ စတင်လောင်ကျွမ်းရာ ကျေးရွာလူထု ဝိုင်းဝန်းငြိမ်းသတ်သဖြင့် ညနေ ၃ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် ဝန်ထမ်းလိုင်းခန်း လေးခန်းတွဲ တစ်လုံး ဆုံးရှုံးခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ မီးပေါ့ဆသူ မလှမြင့်အား အရေးယူပေးပါရန် ပန်းတနော် မီးသတ်ဦးစီးဌာနမှူး ဦးမောင်မောင်ဦး၏ တိုင်တန်းချက်အရ ပန်းတနော်ရဲစခန်းမှ (ပ)၂၅/၂၀၁၂ ပုဒ်မ-၂၈၅ ဖြင့် အရေးယူထားကြောင်းသိရသည်။ (၅၅၂)

ကရင်အမျိုးသားအစည်းအရုံး(KNU)၏ တတိယမြောက် ဆက်ဆံရေးရုံးဖွင့်လှစ်

နေပြည်တော် မေ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရအဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပြီး အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားအဖွဲ့များအနက်မှ ကရင်အမျိုးသားအစည်းအရုံး (KNU)က ဘုရားသုံးဆူ၌ တတိယမြောက်ဆက်ဆံရေးရုံးဖွင့်လှစ်ခြင်းအခမ်းအနားကို မေ ၁၅ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်း၊ ကရင်အမျိုးသားအစည်းအရုံး(KNU)မှ ဗိုလ်ချုပ်စောမူတူးဆေးဖိုး၊ ပဒိုစောရောဂျာခင်၊ ပဒိုဒေးဗစ်ထော၊ ဗိုလ်မှူးချုပ်စောဆာမိ၊ ဗိုလ်မှူးချုပ်ဂျော်နီ၊ ဗိုလ်မှူးချုပ်ဒါးကျော်တို့ ဦးစီးပါဝင်သော KNU အဖွဲ့ဝင်များနှင့် နှစ်ဖက်ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ တက်ရောက်ခဲ့ကြသည်။

ထိုဆက်ဆံရေးရုံးများသည် နှစ်ဖက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးအတွက် ဆက်လက်လုပ်ဆောင်ရန် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ကရင်အမျိုးသားအစည်းအရုံး (KNU)က ဘုရားသုံးဆူ၌ တတိယမြောက်ဆက်ဆံရေးရုံးဖွင့်လှစ်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးပဒေသာကပွဲ ကျင်းပ

ရန်ကုန် မေ ၁၆

တရုတ်-မြန်မာဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးပဒေသာကပွဲကို ယမန်နေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ဝမ်ဂန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် သံရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ ကြည့်ရှုအားပေးကြသည်။

အဆိုပါကပွဲတွင် ဆွေမျိုးသားချင်း တရုတ်နိုင်ငံ အနုပညာအဖွဲ့က တရုတ်ရိုးရာအဆိုအကများ၊ ဆပ်ကပ်နှင့် မျက်လှည့်တို့ကို ဖျော်ဖြေကြပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသူများက မြန်မာ့ရိုးရာအတာသင်္ကြန်ယိမ်းအကများဖြင့် ဖျော်ဖြေကြသည်။

ဖျော်ဖြေပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ဝမ်ဂန်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူးတို့သည် အနုပညာအဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဆွေမျိုးသားချင်း တရုတ်နိုင်ငံ အနုပညာအဖွဲ့ခေါင်းဆောင် Chen Mai နှင့်အဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးပဒေသာကပွဲကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အဖွဲ့ဝင် မစ္စတာ ဝမ်ဂန်းနှင့် အဖွဲ့တို့ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

* စာမျက်နှာ ၃ မှ

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပညာသင်ဆုရ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ မောင်ဝင်းသော်တာညွန့် (ပထမနှစ် ဂုဏ်ထူးတန်း၊ ရုပ်ရှင်နှင့်ပြဇာတ်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ မောင်ဝေယံအောင် (ဒုတိယနှစ် သဘင်ပညာ) တို့အား လည်းကောင်း၊ ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာသက်လွင်က မြန်မာစာ ထူးချွန်ဆုရရှိသူများဖြစ်ကြသည့် မသီတာငြိမ်း (မုံရွာတက္ကသိုလ်)၊ မအိအိကျော် (မကွေးတက္ကသိုလ်)၊ မဆုဇင်ဇင်စိုး (ပုသိမ်တက္ကသိုလ်)နှင့် မမြသိဂီကျော် (ရတနာပုံတက္ကသိုလ်) တို့အား လည်းကောင်း၊ ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က ပညာရည်ချွန်ဆု မြန်မာစာ ပထမဆုရ မဖြူနှင်းသန့် (အထက(၄)အလုံ)၊ ဒုတိယဆုရ မဖူးရတနာလွင် (အထက(၄)ပြင်ဦးလွင်)၊ တတိယဆုရ မပန်းပြည့်ပြည့်ပိုင် (အထက လေ့ကျင့်ရေးကျောင်း-ကမာရွတ်)၊ အင်္ဂလိပ်စာ ပထမဆုရ မမွန်ချောလုံ (အထက(၃) မြစ်ကြီးနား)၊ ဒုတိယဆုရ မသင်းထက်အောင်(အထက လေ့ကျင့်ရေးကျောင်း- ကမာရွတ်) တို့အား လည်းကောင်း၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက အင်္ဂလိပ်စာ တတိယဆုရ မောင်ဆွတ်ဆိုင်းအောင် (အထက(၃) မြစ်ကြီးနား)၊ သင်္ချာပထမဆုရ မမြတ်ရွှေရည်ထွန်း (အထက(၁)ဒဂုံ)၊ ဒုတိယဆုရ မောင်ဟန်ဝင်းထွန်း (အထက(၁)ဒဂုံ)၊ တတိယဆုရ မောင်မျိုးမင်းဦး (အထက(၉) မော်လမြိုင်)တို့အား လည်းကောင်း၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက ဓာတုဗေဒ ပထမဆုရ မယမင်းအေး(အထက-သုဝဏ္ဏ)၊ ရူပဗေဒ ပထမဆုရ မောင်ပြည့်ဖြိုး (အထက(၄)အလုံ)နှင့် ဇီဝဗေဒ ပထမဆုရ မမြတ်ရွှေရည်ထွန်း (အထက(၁)ဒဂုံ) တို့အား လည်းကောင်း၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်က ပထဝီဝင် ပထမဆုရ စဇွန်မိုးဦး (အထက(၁၂) တောက်တဲ့ရိုး၊ ကျုံပျော်မြို့နယ်)၊ သမိုင်း ပထမဆုရ မဆွေဆွေလှိုင် (အထက(၁၂) ဆင်စွယ်ရွာ၊ ထီးလင်းမြို့နယ်)၊ ဘောဂဗေဒ ပထမဆုရ မဝေဝေအောင် (အထက(၁) သယ်န်းကျွန်း) တို့အား လည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

ထို့နောက် ကွယ်လွန်သူ စာပေဆုအလှူရှင် ပခုက္ကူဦးအုံးဖေကိုယ်စား ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေက ဆုချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆုရရှိကြသူများကိုယ်စား ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ ဦးမောင်မောင်ခင် (တက္ကသိုလ်မောင်မောင်ခင်)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပခုက္ကူဦးအုံးဖေ စာပေဆုရန်ပုံငွေအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ရွှေသံလွင်ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀ သိန်း၊ ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက ငွေကျပ် ၆၇၅၀၀၀၊ ပခုက္ကူဦးအုံးဖေ၏မြေး ဦးမြင့်ဌေး+ဒေါ်လင်းလင်းထိုက်၊ ထွန်းဖောင်ဒေးရှင်း၊ Naing Group ၊ Eleven Media Group နှင့် ဦးမောင်မောင်အေး(မောင်ဟေမာ) တို့က ငွေကျပ် ငါးသိန်းစီ၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေ+ ဒေါ်တင်ကြည် က ငွေကျပ် ၃၂၅၀၀၀ ၊ ပြေတီဦး ဖောင်ဒေးရှင်းနှင့် Five Stars ဆောက်လုပ်ရေးအဖွဲ့တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးငြိမ်း+ဒေါ်အုန်းကြင် OK ဆန်ရောင်းဝယ်ရေး၊ ဒေါ်ချိုချိုသန်း(ရှိုင်းဟုတ်)နှင့် ဦးအောင်သန်း+ ဒေါ်ဝင်းမြင့်ကြည် (ပခုက္ကူ အောင်မြင့်မိုရ်ကုမ္ပဏီ)နှင့် ဦးမောင်မောင်လွင် (လက်ထောက်ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန)+ ဒေါ်ကေခိုင်အောင်ခင် (စာရေးဆရာမ မကေ)တို့က ငွေကျပ် နှစ်သိန်းစီ၊ ဒေါ်စောကြိုင်(ပါမောက္ခ-ငြိမ်း) (မအေးငြိမ်း-ပခုက္ကူ)၊ Asian Fame Media Group ၊ ဦးသန်းအေး (စလင်းဘုန်းကျော်)နှင့် အကယ်ဒမီ ခန့်စည်သူတို့က ငွေကျပ် တစ်သိန်းစီ စုစုပေါင်း ငွေကျပ် ၆၃ သိန်းကို ပေးအပ်လှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌတို့က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

ဓာတ်လှေကားသစ်အတွက် အလှူငွေပေးအပ်

ရန်ကုန် မေ ၁၆

မော်လမြိုင်မြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်သလ္လံစေတီတော် အရှေ့ဘက်မုခ်၌ တည်ဆောက်မည့် ဓာတ်လှေကားသစ်အတွက် အလှူငွေပေးအပ်ပွဲကို မေ ၁၄ ရက်တွင် အဆိုပါစေတီတော် ဂေါပကအဖွဲ့ရုံး၌ကျင်းပရာ ဦးဇော်လင်းထွန်း+ဒေါ်စန်းစန်းလွင် မိသားစုက ငွေကျပ် ၂၁၀၀၀၀၊ ဦးထွန်းမင်းဇော်+ ဒေါ်သန်းလှ မိသားစုက ငွေကျပ် ၆၅ သိန်း၊ ဦးတိတ်ကြည်+ ဒေါ်သန်းသန်းအေး မိသားစုက ငွေကျပ် ငါးသိန်း၊ ဦးချစ်မောင်+ ဒေါ်စောကြည်မိသားစုက ငွေကျပ် ၆၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

လှူဒါန်းလိုသူများသည် ကျိုက်သလ္လံစေတီတော် ဂေါပကရုံးဖုန်း-၀၅၇ ၂၁၃၃၄၊ ဥက္ကဋ္ဌ ဦးစန်းမြင့် ဖုန်း- ၀၅၇ ၂၄၁၉၃၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၃၂၂၃၀၀နှင့် အတွင်းရေးမှူး ဦးဟန်လွင် ဖုန်း-၀၉-၄၉၈၀၁၀၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးဌေးအောင် ကမ္ဘာလှည့်ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်လိုင်းဖွင့်လှစ်ခြင်းအခမ်းအနား တက်ရောက်

နေပြည်တော် မေ ၁၆

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်သည် မေ ၁၅ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးလေဆိပ်၌ ကျင်းပသည့် ကမ္ဘာလှည့်ခရီးသည်များ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် အဆင့်မြင့် မော်တော်ယာဉ်များဖြင့် ဝန်ဆောင်မှုပြုမည့် ပို့ဆောင်ရေး မော်တော်ယာဉ်လိုင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ၂၀၁၁ ခုနှစ်တွင် ပုဂံဒေသသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုမှာ ယခင်နှစ်များကထက် စံချိန်တင်များပြားခဲ့ကြောင်း၊ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ အဓိကအခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ အဓိကကမ္ဘာလှည့်ခရီးစဉ်ဒေသဖြစ်သည့် ပုဂံဒေသ၌ ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ အမှတ်တရပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း၊ ရှိရင်းပြကွင်းပြကွက်များ အဆင့်မြှင့်တင်ရေးနှင့် ပြကွင်းပြကွက်အသစ်များ ဖန်တီးရေးလုပ်ငန်း စသည်တို့ကို တစိုက်မတ်မတ် ကြိုးပမ်းဖော်ထုတ်ပေးလျက်ရှိပြီး ယနေ့ကျင်းပသည့် ကမ္ဘာလှည့်ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ကမ္ဘာလှည့်ခရီးသည်များအတွက် အဆင့်မီမော်တော်ယာဉ်များဖြင့် စတင်စီစဉ်ပေးခြင်းဖြစ်ပြီး လုပ်ငန်းစတင်ချိန်တွင် ဝန်ကြီးဌာနအောက်ရှိ မြန်မာ့ခရီးသွားလုပ်ငန်းမှ ပို့ဆောင်ရေးယာဉ်နှင့် အခြားတိုင်းရင်းသားလုပ်ငန်းရှင်များ၏ ယာဉ်များဖြင့် ကနဦးစတင်လုပ်ကိုင်ပေးခြင်း ဖြစ်ပါကြောင်း၊ နောင်တွင် အများပိုင်အဖွဲ့အစည်းတစ်ခုအဖြစ် စနစ်တကျ ထူထောင်လုပ်ကိုင်နိုင်အောင် ပံ့ပိုးကူညီပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှဌေးက မော်တော်ယာဉ်များ သာမက ပုဂံဒေသတွင် မြင်းလှည်းများ၊ ပွဲချိတ်စက်လှေများကို ယခုကဲ့သို့ စနစ်တကျ ပြေးဆွဲပေးမည့် အစီအစဉ်နှင့် ကမ္ဘာလှည့်ခရီးသည်များအား အကူအညီပေးနိုင်ရန် ပြန်ကြားရေးကောင်တာဖွင့်လှစ်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က ယာဉ်လိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြေးဆွဲမည့် မော်တော်ယာဉ်များကို ကြည့်ရှုကြသည်။ ဆက်လက်၍ ညောင်ဦးလေဆိပ် အတွင်းရှိ ပြန်ကြားရေးကောင်တာကို ကြည့်ရှုပြီး ညောင်ဦးမြို့တွင်း၌ ပြန်ကြားရေးကောင်တာအသစ်ကို ဖွင့်လှစ်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပုဂံညောင်ဦးဒေသရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့် မန်နေဂျာများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် ကမ္ဘာလှည့်ခရီးသည်များ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် အဆင့်မြင့် မော်တော်ယာဉ်များဖြင့် ဝန်ဆောင်မှုပြုမည့် ပို့ဆောင်ရေးမော်တော်ယာဉ်လိုင်းဖွင့်ပွဲအခမ်းအနား၌ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းငွေအား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Richard Heyn လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့် လူသားချင်းစာနာသော အထောက်အပံ့များပေးအပ်ရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မေ ၁၆

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းငွေအား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Richard Heyn သည် ယနေ့ နံနက် ၉ နာရီတွင် လည်းကောင်း၊ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်၊ လက်ထောက်စီမံခန့်ခွဲရေးမှူးနှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဗျူရိုမှ ညွှန်ကြားရေးမှူးဖြစ်သူ Mr. Ajay Chhibber သည် ညနေ ၄ နာရီခွဲတွင် လည်းကောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဗြိတိန်နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် လူသားချင်းစာနာသော အထောက်အပံ့များ ပေးအပ်ရေးကိစ္စရပ်များကို လည်းကောင်း၊ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) အကြား တိုးချဲ့ဆောင်ရွက်မည့် နိုင်ငံဆိုင်ရာအစီအစဉ်(Country Programme)တွင် ထောက်ပံ့ပေးအပ်မည့် ကိစ္စရပ်များနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

◆ **ကျောဖုံးမှ**

ဦးတင်ဦးလွင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလျက် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Lee Hsien Loong အား ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမဆောင်သို့ သွားရောက်ဂါရဝပြု တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့သည်။

မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာကေရှမ်မူဂမ်အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် ဝန်ကြီးနှစ်ဦးက နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် မြန်မာ-စင်ကာပူ နှစ်နိုင်ငံ နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဆိုင်ရာ နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ချက်များ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို အသိပေးဆွေးနွေး ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ကြီးက မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ နေ့လယ်စာ သုံးဆောင်အပြီးတွင် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးဌာနနှင့် သံတမန်သင်တန်းကျောင်းတို့နှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနအကြီးအကဲများက ပြည်ထောင်စုဝန်ကြီးအား ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် မြန်မာသံရုံးကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သံရုံးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် (၆၃)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီအစည်းအဝေးတက်ရောက်ရန် ရောက်ရှိနေသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များ တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များတွေ့ဆုံ

နေပြည်တော် မေ ၁၆

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား (၆၃)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီ(Committee on Science and Technology) အစည်းအဝေးတက်ရောက်ရန် ရောက်ရှိနေသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များသည် ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ တွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) Call Room ၌ လာရောက်တွေ့ဆုံပြီး သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၇-၅-၂၀၁၂ (ကြာသပတေးနေ့)

၅း၄၀	"ရှန်းကန်ရင်းသာ ထွက်ပေါက်ရှာ" တရားတော် (ဆရာတော် မမ္မရေအရှင်ကုမာရ)
၁၂း၁၅	ဖူးမြော်ကြည်ညိုဖွယ်ရာ ရွှေဟောင်းသမိုင်းဝင် တမုတ် ရှင်ပင်ရွှေဂူကြီးစေတီတော်
၂း၂၀	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "ငါ မင်းကို. . ."
၂း၅၀	ရန်ကုန်မြင်ကွင်းကျယ် (Aron Gold)
၅း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၂၅)**
၈း၄၅	Style ရှိမှ Star ဖြစ်မယ်
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၃၉)**
၁၀း၂၀	အနုပညာမိုးကောင်းကင်
၁၀း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နှလုံးသားပုံဖော်ရာ" (အပိုင်း-၁၁)**
၁၁း၂၀	ဘဝရဲ့ချောက်ကမ်းပါးစွန်း (အဆုတ်ကင်ဆာနှင့် နှာခေါင်း၊ အာခေါင်လမ်းကြောင်းကင်ဆာ)
၁၂း၁၅	အစားအစာသန့်ရှင်းလတ်ဆတ် ဘေးကင်းရေးနှင့် ၎င်း၏ဆက်စပ်မှုများထိခိုက်မှုများ (ဒေါက်တာစိုးခိုင်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

၂၀၁၂ ခုနှစ် မတ်လ ၂၂ ရက်

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့

အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဝင်းမဟာတံတားဖွင့်ပွဲ တက်ရောက်

နေပြည်တော် မေ ၁၆

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် မေ ၁၅ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ကလျာဏီရပ်ကွက် ကိုယ့်အားကိုယ်ကိုး ဝင်းမဟာ သံကူကွန်ကရစ်တံတားသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သက်ထွန်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးရဲမြင့်ထွန်းတို့က တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တံတားကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ယင်းတံတားသည် အရှည်ပေ ၇၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက် ၁ ပေ ၃ လက်မ၊ အရှည်ပေ ၉၀၊ တံတားအမြင့် ၁၅ ပေ၊ သစ်သားပိုင်တိုင်နှင့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး အလှူရှင်များက ငွေကျပ် ၄၁၅ သိန်းကျော်နှင့် လုပ်အားတန်ဖိုးငွေကျပ် သိန်း ၂၀၀ ကျော် စုပေါင်းလှူဒါန်း၍ တည်ဆောက်ထားသော ကိုယ့်အားကိုယ်ကိုးတံတားဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ပဲခူးမြို့နယ် ဝံကိုက်လျှိုကျေးရွာအနီး တည်ဆောက်လျက်ရှိသော စလူရေလှောင်တမံစီမံကိန်း၊ ကိုဒူကွဲ ရေလှောင်တမံစီမံကိန်းနှင့် ကျွန်းပင်ရွာအနီး တည်ဆောက်လျက်ရှိသော ရွှေလောင်းရေလှောင်တမံ စီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးကာ မိုးရာသီရေများတမံများတွင် သိုလှောင်ပြီး ပိုလျှံသောရေများအား ပြန်လည်လွှတ်မည်ဆိုပါက တမံတစ်ခုနှင့် တစ်ခု အချိန်နှင့် တစ်ပြေးညီ ဆက်သွယ်ကြပြီး ဟန်ချက်ညီညီ ဆောင်ရွက်ကြရန်နှင့် တမံများအား ရေရှည်တည်တံ့ခိုင်မြဲအောင် စောင့်ရှောက်ကြရန်မှာကြားသည်။

ယင်းတမံများသည် ပဲခူးမြစ်ရေကြီးမှုကြောင့် ပဲခူး-သနပ်ပင်-ကဝမြို့နယ်များရှိ မြို့ရွာများ၊ လယ်ယာမြေများ နှစ်စဉ်ရေကြီးနစ်မြုပ်မှုမှ အထိုက်အလျောက်ကာကွယ်နိုင်ရန်နှင့် ရေသောက်ဧရိယာများသို့ ရေပေးဝေရန် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ အာရှဖွံ့ဖြိုးရေးဘဏ်ညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးထွန်းအောင်နှင့် ဗဟိုအလုပ်အမှုဆောင်များအား အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ အရှေ့တောင်အာရှဒေသဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူးချုပ် Mr. Kunio Senga ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၂ ရက်တွင် အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာ သင်တန်းများ၊ လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်နိုင်ရေးနှင့် နည်းပညာလွှဲပြောင်းပေးနိုင်ရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုရှိလာစေရေးနှင့် ခရီးသွားလုပ်ငန်းများ စဉ်ဆက်မပြတ် ရှင်သန်လှုပ်ရှားတိုးတက်မှုရှိစေရေး၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် Green Econoimic Growth Forum ကျင်းပနိုင်ရေးတို့အတွက် အသင်းချုပ်မှ ကူညီပံ့ပိုးပေးရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးမှ တောင်သူလယ်သမားများ ရွှေတောင်စပ်မျိုးစပါးသုတေသနစိုက်ခင်းလေ့လာ

နေပြည်တော် မေ ၁၆

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရွှေတောင်စပ်မျိုးစပါးသုတေသနစိုက်ခင်း၌ မေ ၁၄ ရက်တွင် တောင်သူပညာပေးပြပွဲ ကျင်းပခဲ့ရာ တိုင်းဒေသကြီးအတွင်းရှိ ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးကြသည့် တောင်သူ ၁၁၇ ဦး လေ့လာကြည့်ရှုကြသည်။

ပြပွဲတွင် သုတေသနစိုက်ခင်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးနိုင်ကြည်ဝင်းက ပုလဲသွယ်စပ်မျိုးစပါးကို သိပ္ပံနည်းကျစိုက်နည်းစနစ်(၁၄)ချက်နှင့်အညီ စိုက်ပျိုးနည်းများကို ရှင်းလင်းပြသပြီး ငွေချည်(၆)ချည်မျှင်ရှည်ဝါ အရည်အသွေးလက္ခဏာများနှင့် အပင်နမူနာများ၊ ရေဆင်းစပ်မျိုးနေကြာ၊ အိန္ဒိယစပ်မျိုးနေကြာမျိုးစေ့နမူနာများနှင့် ကျန်းမာရေးနှင့်ညီညွတ်သော နေကြာဆီနမူနာများကိုလည်း ရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ မေ ၁၆ ရက်တွင် အရှိုချင်းအမျိုးသားပါတီ (Asho Chin National Party) က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၉)ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်း တိုက်အမှတ်(၁၂၀)၊ (၇)လွှာ၊ အခန်း(၅၂) တွင် ပါတီရုံးချုပ်တည်ရှိသော **အရှိုချင်းအမျိုးသားပါတီ (Asho Chin National Party)** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၅-၂၀၁၂ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

အရှိုချင်းအမျိုးသားပါတီ (Asho Chin National Party) ၏ အလံပုံစံ

အရှိုချင်းအမျိုးသားပါတီ (Asho Chin National Party) ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စားပွဲတင်တင်းနစ် သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၆

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အပြည်ပြည်ဆိုင်ရာ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် TOURNAMENT ORGANIZATION COURSE FOR TABLE TENNIS 2012 သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ အားကစားနှင့် ကာယပညာဦးစီးဌာန (ကျိုက္ကဆံအားကစားကွင်း) ပြည်ထောင်စုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** အရှေ့တောင်အာရှ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် (ATTU) အတွင်းရေးမှူး Mr. Chang Foong Keong က ကျေးဇူးတင်စကား ပြောကြားသည်။

သင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ ၁၄ ဦး၊ အားကစားဝန်ကြီးဌာနမှ ငါးဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ၁၂ ဦး၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ ၁၄ ဦးနှင့် ပြင်ပဝါသနာရှင် ၁၅ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ကြပြီး မေ ၂၁ ရက်အထိ စာတွေ့၊ လက်တွေ့ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

RMGCC 3rd Anniversary Charity ဂေါက်ရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၆

Royal Mingalardon Golf and Country Club က ကြီးမှူးကျင်းပသော RMGCC 3rd Anniversary Charity ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂၆ ရက်တွင် အဆိုပါ ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယခုပြိုင်ပွဲ၌ ပြိုင်ပွဲဝင်ကြေးမှ ရရှိသော ငွေများကို မိဘမဲ့ကလေးများ စောင့်ရှောက်ရေး အသင်းအဖွဲ့များသို့ လှူဒါန်းသွားရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သောကြောင့် ဂေါက်သီးရိုက် အားကစားသမား မည်သူမဆို ပြိုင်ပွဲဝင်ကြေးဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ယင်းပြိုင်ပွဲကို System 36 ဖြင့် အတန်းနှစ်တန်းခွဲကာ ကျင်းပမည်ဖြစ်ပြီး အနိုင်ရသူများအား အဖိုးတန်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၆၃၉၄၄၅~၇ နှင့် ၀၁-၆၃၉၄၃၅~၉ နှင့် Hot Line ၀၉-၈၆၃၆၃၉၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

သတိပြု ဆင်ခြင်ဖွယ်ရာ မှုခင်းအဖြာဖြာ

ရေတာရှည်မြို့နယ်တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

ရေတာရှည် မေ ၁၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် တရားမဝင်သစ်ထုတ်လုပ်မှုများ များပြားလျက်ရှိသည့်အတွက် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးဆောင်သော သစ်တောဝန်ထမ်းများသည် သတင်းအရ မေ ၉ ရက်တွင် သာဂရမြို့ကျေးရွာအုပ်စု ငါးခုံးမချောင်းအနောက်ရပ်ကွက်နေ ဦးငွေအောင်(ခ) ငွတို အသက် (၄၁)နှစ် (ဘ)ဦးပွ ဆိုသူ၏ နေအိမ်ဝိုင်းအတွင်းသို့ ဝင်ရောက်ရှာဖွေခဲ့ရာ တရားမဝင် ကျွန်းသစ်ခွဲသား ၁၀ ချောင်း၊ သာဂရကျေးရွာအုပ်စု ငါးခုံးမချောင်းအနောက်ရပ်ကွက်နေ ခင်မောင်ချင်း အသက် (၃၈)နှစ် (ဘ) ဦးသံလုံး၏ နေအိမ်၏ ၁၆ ပေခန့်အကွာ ချောင်းစပ်မှ တရားမဝင် ကျွန်းသစ်ခွဲသား ၂၉ ချောင်း၊ ကျွန်းသစ်လုံးတိုင် လေးလုံး၊ သာဂရကျေးရွာအုပ်စု တုံးခေါင်းကျေးရွာနေ ဇော်ဝင်း အသက် (၅၀)နှစ်၊ (ဘ) ဦးမောင်ကို၏ နေအိမ်ဝိုင်းအတွင်းမှ တရားမဝင် ကျွန်းသစ်ခွဲသား ၂၀၉ ချောင်း၊ ကျွန်းတံခါးရွက် အချပ် ၄၀၊ သာဂရကျေးရွာအုပ်စု၊ ငါးခုံးမချောင်းအနောက်ရပ်ကွက်နေ ဦးကျော်ကျော်စိုး အသက် (၄၀)နှစ် (ဘ)ဦးစိုးလွင်၏ နေအိမ်ခြံဝင်းအတွင်းမှ တရားမဝင်ကျွန်းသစ်ခွဲသား အချောင်း ၃၀၊ ကျွန်းတံခါးရွက် ၁၂ ချပ်၊ သာဂရကျေးရွာအုပ်စု ငါးခုံးမချောင်းအနောက်ရပ်ကွက်နေ ရန်အောင်အေး အသက် (၂၃)နှစ် (ဘ) ဦးအေးမြင့်၏ နေအိမ်ဝိုင်းအတွင်းမှ တရားမဝင် ကျွန်းသစ်ခွဲသား ၁၀၇ ချောင်းတို့ကို သိမ်းဆည်းရမိခဲ့၍ ရေတာရှည်မြို့နယ် သာဂရရဲစခန်းမှ သစ်တောအက်ဥပဒေများဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ (၅၇၈)

ကျော်တက်သည့်ဆိုင်ကယ် အမျိုးသမီးကို တိုက်မိ

ပုသိမ် မေ ၁၆

မေ ၁၂ ရက် ညနေ ၃ နာရီခန့်က ကျောင်းကုန်းမြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ်(၇၃/၅)နှင့် (၇၃/၆)အကြား ကျောင်းကုန်းတံတားအဆင်းတွင် ကျောင်းကုန်းမြို့နယ် ထောင်စုကျေးရွာနေ ဖိုးထိန်(ခ) ထွန်းကြွယ်သည် မီးသွေးတိုက်ကျေးရွာမှ ကျောင်းကုန်းမြို့သို့ ၆ယ/---- ကန်ဘိုဆိုင်ကယ်အားမောင်းနှင်လာရာမှ ထော်လာဂျီယာဉ်အားကျော်တက်စဉ် အရှိန်လွန်၍ လမ်းဘေးကျောက်တိုင်ကို တိုက်မိပြီး လမ်းလျှောက်လာသူ ဒေါ်ဆန်းဝင်း (၅၅) နှစ်(ဘ- ဦးလှထွန်း) သစ်ဆိမ့် ကုန်းနေသူအား တိုက်မိခြင်းဖြစ်သည်။ အဆိုပါယာဉ်တိုက်မှုကြောင့် ဒေါ်ဆန်းဝင်း၏ ဝဲခြေသလုံးကျိုးဒဏ်ရာ၊ ယာနားထင်ပေါက်ပြဲဒဏ်ရာများရရှိသည့်အပြင် ဆိုင်ကယ် မောင်းသူ ဖိုးထိန်(ခ) ထွန်းကြွယ်၏ နဖူးပေါက်ပြဲဒဏ်ရာ နှစ်ချက်၊ ဝဲပါး၊ လက်ခုံ၊ နှာခေါင်းရိုး ဖူးရောင်ပေါက်ပြဲဒဏ်ရာများ ပြင်းထန်စွာ ရရှိသွားသည်။ ထို့ကြောင့် မဆင်မခြင်ယာဉ်မောင်းသူ ဖိုးထိန်(ခ) ထွန်းကြွယ်အား အရေးယူပေးပါရန် ဒုရဲအုပ် အောင်ကိုကိုလွင်၏ တိုင်တန်းချက်အရ ကျောင်းကုန်းရဲစခန်းမှ (ပ)၆၀/၂၀၁၂ ပုဒ်မ ၃၃၈ ဖြင့် အရေးယူထားကြောင်း သိရသည်။ (၅၅၂)

ဟီးနိုးကားအရှိန်မထိန်းနိုင်၍ လမ်းဘေးတိမ်းမှောက်

ဝမ်းတွင်း မေ ၁၆

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့ မြောက်ဇဂျမ်းကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၃၆၀/၃) အနီးတွင် မေ ၁၀ ရက်က မန္တလေးမြို့ ကျွဲဆည်ကန်ကားကြီးဝင်း ပြည်ကြီးတံခွန်မြို့နယ်နေ ယာဉ်မောင်း စိုးဦး (၃၆) နှစ် မောင်းနှင်သော ဒ/----- ဟီးနိုးအပြာရောင်သည် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ကျော်ကာ လမ်းဘေးသို့ တိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိမ်းမှောက်သဖြင့် ယာဉ်မောင်း စိုးဦးနှင့် ယာဉ်နောက်လိုက် စန်းဝေတို့မှာ ဒဏ်ရာအသီးသီး ရရှိသွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကို ဒုတိယရဲအုပ် မောင်မောင်လွင်က တရားလိုပြုလုပ်၍ ဝမ်းတွင်းရဲစခန်းတွင်အမှုဖွင့်တိုင်ကြားရာ ယာဉ်မောင်း စိုးဦးအား ရဲစခန်းက (ပ) ၉၇/၂၀၁၂ ပုဒ်မ ၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားသည်။ (၁၁၁)

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်လင်းကြည်

မန်ယူအသင်းမှ ဖာဂူဆန်နှင့် ရိုင်ယန်ဂစ် ပရီမီယာလိဂ် အကောင်းဆုံးဆုများရရှိ

မန်ချက်စတာ မေ ၁၆

ပရီမီယာလိဂ် ရာသီကုန်တွင် ပရီမီယာလိဂ်မှပေးသော အကောင်းဆုံး ဆုနှစ်ဆုကို မန်ယူအသင်းမှ ရရှိခဲ့ကြောင်း မေ ၁၆ ရက် အားကစား သတင်းတစ်ရပ်က ဖော်ပြသည်။

ပရီမီယာလိဂ်၏ ရာသီ ၂၀ သမိုင်းတွင် အကောင်းဆုံးအသင်းနည်းပြဆုကို မန်ယူအသင်းနည်းပြ ဆာအဲလက်စ် ဖာဂူဆန်က ရရှိခဲ့ပြီး အကောင်းဆုံး ကစားသမားဆုကို မန်ယူကွင်းလယ် ကစားသမား ရိုင်ယန်ဂစ်က ရရှိခဲ့သည်။ ယင်းဆုကို မေ ၁၅ ရက်က လန်ဒန်မြို့လယ်တွင် ကျင်းပသည့် အခမ်းအနား တစ်ခုတွင် ပေးအပ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ရိုင်ယန်ဂစ်သည် ပရီမီယာလိဂ်၏ အကောင်းဆုံး ကစားသမားဆုကို တယ်ရီဟင်နရီ၊ ပေါလ်စခိုး၊ ဒန်းနစ်ဘာ့ကမ့်တို့ကို ကျော်ကာ ရရှိခဲ့ခြင်းဖြစ်ပြီး မန်ယူအသင်းအတွက် ပြိုင်ပွဲပေါင်း ၉၀၉ ပွဲကစားပေးခဲ့သူ ဖြစ်သည်။

မန်ယူအသင်းနည်းပြ ဆာအဲလက်စ် ဖာဂူဆန်သည် မန်ယူအသင်းသို့ ရောက်ရှိလာချိန်မှစ၍ ပရီမီယာလိဂ်ဖလားကို (၁၂)ကြိမ်တိုင်တိုင် ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

ပရီမီယာလိဂ် ရာသီ ၂၀ ၏ အကောင်းဆုံး အသင်းမန်နေဂျာဆုကို ရရှိခဲ့သည့် မန်ယူအသင်းနည်းပြ ဆာအဲလက်စ် ဖာဂူဆန်သည် ပရီမီယာလိဂ်၏ နာမည်ကြီးအသင်းနည်းပြများဖြစ်သည့် အာစင်ဝင်းဂါး၊ ဂျို့စ်မော်ရင်ဟို၊ ဟယ်ရီရက်နက်နှင့် ဒေးဗစ်မိုယက်တို့ကို နောက်ကောက်ကျစေခဲ့သည်ဟုဆိုသည်။

ရိုင်ယန်ဂစ်မှာ ဘောလုံးလောကတွင် အကောင်းဆုံး ကစားသမားဖြစ်သောကြောင့် ပရီမီယာလိဂ်ရာသီ ၂၀ ၏ အကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း မန်ယူအသင်းကစားဖော်ဟောင်း ဂယ်ရီနဗီးလ်က ထုတ်ဖော်ပြောကြားခဲ့သည်။

အင်တာနက်။

အကောင်းဆုံး အသင်းနည်းပြဆုရ ဖာဂူဆန်။

အကောင်းဆုံး ကစားသမားဆုရ ရိုင်ယန်ဂစ်။

ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် ကစားသမားစာရင်း ပြင်သစ်ထုတ်ပြန်၊ ယူနက်စ်ကဘူးလ် ဒူးဒဏ်ရာကြောင့် ပါဝင်ခွင့်မရရှိခဲ့

ပါရီ မေ ၁၆

ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် ပြင်သစ်အသင်းက ပဏာမလက်ရွေးစင် ကစားသမားစာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ဟယ်ရီရက်နက်ကိုင်တွယ်သည့် တော့တင်ဟမ်ဟော့စပါးအသင်းမှ နောက်တန်းကစားသမား ယူနက်စ်ကဘူးလ်မှာ ဒူးဒဏ်ရာကြောင့် နိုင်ငံအသင်း၌ ပါဝင်ကစားခွင့် မရရှိခဲ့ကြောင်း သိရသည်။

အသက်(၂၆)နှစ်ရှိ နောက်ခံအလယ်လူ ယူနက်စ်ကဘူးလ်သည် ဖူဟမ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၃၈)တွင် ယခင်ဒဏ်ရာဟောင်း ပြန်လည်အနာတရရရှိခဲ့ခြင်းကြောင့် ပြင်သစ်အသင်း၏ ကစားသမား ၂၆ ဦးစာရင်းနှင့် လွဲခဲ့ရခြင်းဖြစ်သည်။

ပြင်သစ်အသင်းသည် ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် အုပ်စု (D)တွင် အင်္ဂလန်၊ ဆွီဒင်နှင့် ယူကရိန်းအသင်းတို့နှင့်အတူ တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး အသင်း၏ ပဏာမကစားသမား ၂၃ ဦးစာရင်းကို မေ ၂၉ ရက်တွင် ထုတ်ပြန်ကြေညာမည်ဟု ဆိုသည်။

လက်ရှိ ပြင်သစ်အသင်းက ရွေးချယ်ထားသည့် ကစားသမားများမှာ ဂိုး- ဟူဂိုလိုရစ်(လိုင်ယွန်)၊ စတိုဗ်မန်ဒန်ဒါ (မာဆေးလ်)၊ နောက်တန်း-ဂေးလ်ကလစ်ချီ (မန်စီးတီး)၊ ပက်ထရစ်အီဗရာ(မန်ယူ)၊ ကိုစီအယ်နီ(အာဆင်နယ်)၊ ဖိုးလစ်ပီမီဇက် (အေစီမီလန်)၊ အက်ဒီလ်ရာမီ(ဗလင်စီယာ)၊ ဒီဘူချီ(လိုင်လီ)၊ ကွင်းလယ်-ယိုဟန်ကာဘေး(နယူးကာဆယ်)၊ မာလူဒါ(ချယ်လ်ဆီး)၊ နာဆရီ(မန်စီးတီး)၊ ဒီယာရာ(မာဆေးလ်)၊ ဘလေ့စီမက်တူဒီ(ပီအက်စ်ဂျီ)၊ ရှေ့တန်း-ဘန်အာဖာ (နယူးကာဆယ်)၊ ဘန်စီမာ (ရီးယဲလ်မက်ဒရစ်)၊ ရီဘာရီ(ဘိုင်ယန်မြူးနစ်)၊ အိုလီဗာဂျီယောင်း(မောင့်ပယ်လီယာ)၊ လိုရစ်ရီမီ(မာဆေးလ်)၊ ဂျာရီမီမီနက်ဇ်(ပီအက်စ်ဂျီ)နှင့် ဗယ်ဘူးနာ (မာဆေးလ်) **(ဝဲပုံ)** တို့ဖြစ်ကြသည်။

အင်တာနက်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၁၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အမ်ဂျက် မာဂျစ် အဘာစီသည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အမ်ဂျက် မာဂျစ် အဘာစီအား နေပြည်တော်ရှိ သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စင်ကာပူသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့

နေပြည်တော် မေ ၁၆

စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကေရှမ်မူဂမ်၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံသို့ မေ ၁၄ ရက်မှ ၁၅ ရက်အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

မေ ၁၄ ရက် ညနေ ၄ နာရီတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦးလွင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလျက် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး ဂိုချောက်တောင်အား သမ္မတနန်းတော်၌ သွားရောက် ဂါရဝပြု တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

ည ၉ နာရီတွင် စင်ကာပူမဲဆန္ဒရှင်များက Nee Soon မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် Dr. Lim Wee Kiakနှင့် တွေ့ဆုံသည့် အစီအစဉ် Meet- the - People Sessions(MPS)သို့ တက်ရောက်ခဲ့သည်။ အဆိုပါ အစီအစဉ်မှာ မဲဆန္ဒရှင်များက ၎င်းတို့ တွေ့ကြုံရင်ဆိုင်နေရသည့် အခက်အခဲများကို လွှတ်တော်ကိုယ်စားလှယ်ထံ တင်ပြသည့်အစီအစဉ်ဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Lee Hsien Loong တို့ တွေ့ဆုံစဉ်။ (သတင်းစဉ်)

မေ ၁၅ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် စင်ကာပူ ပြည်သူ့ဝန်ထမ်းကောလိပ်သို့ သွားရောက်လေ့လာရာ ပြည်သူ့ဝန်ထမ်းကောလိပ် ဒုတိယအမှုဆောင်အရာရှိချုပ်က စင်ကာပူပြည်သူ့ဝန်ထမ်းကောလိပ်က လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် သင်တန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာသံအမတ်ကြီး

စာမျက်နှာ ၉ ကော်လံ ၁ သို့◆

လှိုင်ကော်မြို့နယ် ဒေါတဟေးကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး အသေးစားရေအားလျှပ်စစ်စက်ရုံဖွင့်

နေပြည်တော် မေ ၁၆

မေ ၁၂ ရက် နံနက် ၈ နာရီတွင် လှိုင်ကော်မြို့နယ် ထီးစဲခါးကျေးရွာအုပ်စု ဒေါတဟေးကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး အသေးစားရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ အသေးစားရေအားလျှပ်စစ်စက်ရုံကို ကျေးရွာပြည်သူများထည့်ဝင်ငွေဖြင့် တည်ဆောက်ခဲ့ပြီး ငွေကျပ် ၁၈၉၅၀၀၀၀ ကုန်ကျခဲ့ရာ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက မီးကြိုးနှင့် ဆက်စပ်ပစ္စည်းအချို့ကို ပံ့ပိုးခဲ့သည်။ အသေးစားရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အား ၁၅ မဂ္ဂါဝပ် ထုတ်လွှတ်ပေးနိုင်ပြီး အိမ်ခြေ ၁၀၈ အိမ်ကို လျှပ်စစ်မီးပေးနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြော်ငြာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံ သတင်းစာတွင် ကြော်ငြာ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ယနေ့ သတင်းအညွှန်း

MP3 Player, Ipod စတဲ့ ကိရိယာတွေနဲ့ ငယ်စဉ်ကပဲ နေ့စဉ် အသံကျယ်လောင်စွာ နားထောင်သူတွေဟာ အသက်ကြီးလာတဲ့အခါမှာ ဖြစ်တတ်တဲ့ နားလေးရောဂါကို တခြားသာမန်လူတွေထက် ၁၀ နှစ်မှ နှစ် ၂၀ ခန့်စောပြီး ခံစားရမှာဖြစ်တယ်

ဆေးပညာသတင်းဆန်းများ(၂၄) စာမျက်နှာ - ၆

Unicode Font စနစ်သုံး ကွန်ပျူတာဖြင့် တွဲဖက်အသုံးပြုရသော မြန်မာလက်ရေးမူကျောက်သင်ပုန်းမှာ မြန်မာပြည်သူများအတွက် အလွန်အသုံးတည့်စေမည့် နည်းပညာသုံး ပစ္စည်းသစ်တစ်မျိုးဖြစ်

နည်းပညာသတင်း စာမျက်နှာ - ၂

အဖျားမှ မသီး ပင်စည်မှသီးသည့် ထူးထူးဆန်းဆန်း တွံတေးမှ ငှက်ပျောသီး

ပြည်တွင်းသတင်း စာမျက်နှာ - ၇

မြေအောက်ဂိုဏ်းအဖွဲ့ဝင် အိန္ဒိယနိုင်ငံသားနှစ်ဦးအား အမေရိကန်အရေးယူထား

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

မန်ယူမှ ဟာဂူဆန်နှင့် ရိုင်ယန်ဂစ် ပရီမီယာလိဂ် အကောင်းဆုံးဆုများ ရရှိ

နိုင်ငံတကာအားကစားသတင်း စာမျက်နှာ - ၁၀